ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့ (1-1-2012) (၆၉၉၁)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရေဝတီတံတား(ပခုက္ကူ) ပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။

(သတင်းစဉ်)

အမျိုးသားရေးတာဝန်

သမိုင်းရဲ့ သင်ခန်းစာတွေအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့ လက်ထက်သာမက နောင်သားစဉ်မြေးဆက် လက်ထက်အထိပါ ကမ္ဘာတည်သရွေ့ နိုင်ငံသားတိုင်း လိုက်နာစောင့်ရှောက် ကာကွယ်သွားကြရမယ့် အမျိုးသားရေးတာဝန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရလက်ထက်မှာလည်း ဒီတာဝန်ကြီးသုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး ဆက်လက်သယ်ဆောင်သွားမှာဖြစ်ပါတယ်။

[နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
၃၀-၃-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌
ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်]

မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားဖြစ်သည့် ရေဝတီတံတား(ပခုက္ကူ) ဖွင့်လှစ်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး အထူးစီမံကိန်းအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ကားလမ်းနှင့် ရထားလမ်း ပူးတွဲပါရှိသည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်သော ရေဝတီတံတား(ပခုက္ကူ)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားဖြစ်သည့် ရေဝတီတံတား (ပခုက္ကူ)ကို တွေ့ရစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှထောင့် ၁-၁-၂၀၁၂[တနင်္ဂနွေနေ့]။

ကျွန်ုပ်တို့အားလုံး ခေတ်သမိုင်းကို ရေးထိုးနေကြသည်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်။ ဆောင်းနှင်းတို့ မပြယ်သေးသည့် နံနက်ခင်း လင်းလုအရုဏ်တွင် ကိုလိုနီနယ်ချဲ့၏အလံကို တိုင်ထိပ်မှချကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူလိုက်ခြင်းဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်သည့်နိုင်ငံတစ်ခုအဖြစ်သို့ စတင်ရောက်ရှိခဲ့သည်။ ပစ္စုပ္ပန်ကာလမှ ပြန်၍ရေတွက်ကြည့်လျှင် မြန်မာ့လွတ်လပ်ရေးသည် နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ တိတိကျကျဆိုရလျှင် လွတ်လပ်သောနိုင်ငံဘဝသို့ ရောက်ရှိခဲ့သည်မှာ ၆၄ နှစ် ကြာမြင့်ခဲ့ပြီ။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့၏ ထမ်းပိုးအောက်မှ လွတ်မြောက်လာခဲ့သော အာရှနိုင်ငံများမှာ နောက်ထပ်ဆယ်စုနှစ်နှစ်ခု-သုံးခုစာမျှ ကြာမြင့်သည့်တိုင်အောင် မိမိတို့၏ပြည်တွင်းရေးရာများနှင့် လုံးထွေးရစ်ပတ်ဖြေရှင်းကြရင်း နိုင်ငံကို ကိုယ်စီတည်ဆောက်ခဲ့ကြရခြင်းကြောင့် နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ပိန်မသာလိမ်မသာမျှသော အခြေအနေများကိုသာ တွေ့မြင်ရမည်ဖြစ်သည်။ သာဓကအားဖြင့်ဆိုရလျှင် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းက ရန်ကုန်၊ ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ဂျကာတာ၊ ဆိုးလ် စသည့်မြို့များ၏ အဆင့်အတန်းမှာ အကွာကြီးကွာလှသည်ဟု မဆိုနိုင်။ ဤသည်မှ နောက်ထပ်ဆယ်စုနှစ် သုံးခုစာမျှ ကြာခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းတွင်မူ အာရှကျားများဟုခေါ်ကြသည့် စီးပွားရေးထွန်းသစ်စ အာရှနိုင်ငံများ ပေါ်ပေါက်လာခဲ့သည်။

ယခုအခါ မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံအဆင့်သို့ တက်လှမ်းရန် အသင့်ပြင်နေပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော် အရှေ့မြောက် အိမ်နီးချင်းနိုင်ငံကြီးသည်ပင် ၎င်း၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို အဆိုပါ ဆယ်စုနှစ်များအတွင်းမှာမှ စတင်ခဲ့ရသည်။ ဒုံးပျံတစ်စင်းကို ပစ်လွှတ်လိုက်သကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ခဲ့ခြင်းအားဖြင့် မျက်မှောက်ကာလတွင် ကမ္ဘာ့ထိပ်တန်းစာရင်းဝင်နိုင်ငံကြီးအဖြစ်သို့ ရောက်ရှိလာရသည်။

လူသားမျိုးဆက်တစ်ဆက်ကို နှစ်နှစ်ဆယ်ဟူ၍ သတ်မှတ်ကြရာ နှစ်ပေါင်း ၆၀ ကျော်ကာလသည် မျိုးဆက်သုံးဆက်စာကာလဖြစ်သည်။ ဤမျှသောကာလအတွင်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသုံးခု ပြောင်းလဲကျင့်သုံးခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အလံသုံးခု ပြောင်းလဲလွှင့်ထူခဲ့ပြီးဖြစ်သည်။

စင်စစ်အားဖြင့် မိမိတို့ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုံလောက်သောအရင်းအမြစ်များ ပိုင်ဆိုင်ထားပြီးဖြစ်သည်။ ရေမြေသဘာဝသယံဇာတအရင်းအမြစ်၊ လူသားအရင်းအမြစ် စသည်တို့အပြင် တည်နေရာအရပ်ပါ မဟာဗျူဟာ အချက်အချာကျသောနေရာတွင် တည်ရှိနေရာ "အမှန်တကယ် အလုပ်လုပ်ကြခြင်း" ဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဟူသည်မှာ စိတ်ကူးအိပ်မက်ဆန်သော ဝေါဟာရတစ်ခုသက်သက်မျှသာ မဟုတ်ဘဲ အမှန်တကယ်လှမ်းကိုင်နိုင်သည့် ပန်းတိုင်တစ်ရပ် ဖြစ်လာမည်ဖြစ်သည်။

လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို ဖန်တီးကြသူများမှာ ထိုနိုင်ငံ၏ အုပ်ချုပ်သူအစိုးရနှင့် ထိုနိုင်ငံ၏ပြည်သူများပင်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်၍ လက်တွေ့ကျကျလုပ်နိုင်ကိုင်နိုင်ရန် အခွင့်အလမ်းများကို အုပ်ချုပ်သူအစိုးရက ဖန်တီးပေးပြီး ပြည်သူများက လိုက်ပါဖော်ဆောင်ကြရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်ခု၏ ခေတ်တစ်ခေတ်သမိုင်းကို ထိုခေတ်တွင် ရှင်သန်နေထိုင်ခဲ့ကြသူများက ရေးထိုးကြခြင်းဖြစ်သည်။

သမိုင်းတစ်ခေတ်၏ ကောင်းမွေဆိုးမွေတို့ကို နှောင်းလူအဆက်ဆက်တို့က လက်ဆင့်ကမ်းခံယူကြရပြီး နှောင်းခေတ်လူတို့ကလည်း သမိုင်းသစ်များ ဆက်လက်ရေးထိုးကြရပေလိမ့်ဦးမည်။ နောင်လာမည့် နှစ်ပေါင်းတစ်ရာ၊ နှစ်ရာ၊ သုံးရာ စသည့်ကာလများတွင် ရှိနေမည့်မျိုးဆက်သစ်တို့က ၂၁ ရာစု၏ မြန်မာ့သမိုင်းစာမျက်နှာများကို ပြန်လှန်ကြည့်ရှုကြမည်ဆိုလျှင်၊ ကမ္ဘာ့သမိုင်းနှင့်ပါ နှိုင်းယှဉ်ချိန်ထိုးသုံးသပ်ကြလိမ့်မည်ဆိုလျှင်---

ကျွန်ုပ်တို့ရေးထိုးခဲ့သည့် လွတ်လပ်သောနိုင်ငံ၏ ခေတ်သမိုင်းသည် လှပနေဖို့လိုမည် ဖြစ်သည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နေပြည်တော်ဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်(၁)၌ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနကြီးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ စီမံကိန်းမန်နေဂျာများ၊ ဓာတ်အားပေးစက်ရုံမှူးများ၊ ပင်မဓာတ်အားပေးခွဲရုံမှူးများနှင့် မဟာဓာတ်အားလိုင်းမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ စီမံကိန်းညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများ၊ ခွဲရုံမှူးများ၊ မဟာဓာတ်အားလိုင်းမှူးများက စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ပစ္စည်းစီမံရေး၊ အင်ဂျင်နီယာပိုင်းဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားဖြန့်ဖြူးမှု စနစ်တကျဆောင်ရွက်ရေး၊ လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး၊ Unit Losses ကျဆင်းရေး၊ ဝန်ကြီးဌာန ဝင်ငွေတိုးတက်ရှာဖွေနိုင်ရေး၊ ငွေကြေးသုံးစွဲမှုများ စနစ်တကျရှိရေး၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းစေရေး၊ ပြည်သူလူထု လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများအား ကျယ်ပြန့်စွာ ဆောင်ရွက်ရေးစသည်တို့ကို အကျယ်တဝင့်ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ် (ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီအစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို ဆွေးနွေးအတည်ပြုကြပြီး ကင်ဆာဖောင်ဒေးရှင်း ရန်ကုန်နှင့် မန္တလေးတို့၏ တိုးတက်မှုအခြေအနေများကို အဖွဲ့ဝင် ဒေါ်ချောကလျာနှင့် အုပ်ချုပ်ရေးမှူး ဒေါ်ခင်အေးမြင့်တို့က ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးအပြီးတွင် အလှူရှင် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့် ဇနီး ဒေါ်သွဲ့သွဲ့ကြည်တို့က ယူရို ၁၀၀၊ ဘဏ္ဍာရေးအတိုင်ပင်ခံ ဦးဝမ်းတင် B.Com. Q.C.P.A. ACCA နှင့် JF Group တို့က ငွေကျပ် သုံးသိန်း၊ ဒေါက်တာဦးလှမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းစည် မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း၊ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအုံးမြင့်နှင့် ဇနီး ဒေါ်မြမြဝင်းမိသားစုက ငွေကျပ် နှစ်သိန်းနှင့် ဒေါ်ခင်ခင်စိန်က မိဘနှစ်ပါးနှင့် အစ်မဖြစ်သူအား ရည်စူး၍ ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၁ - ၁၂ -၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၅၄၅၀	၀. ၀၃၁၇၀
တရုတ် (ယွမ်)	၆. ၂၉၄၃၀	၀. ၁၅၈၈၇
အိန္ဒိယ (ရူပီး)	၅၃. ၀၆၅၀	၀. ၀၁၈၈၄
မလေးရှား (ရင်းဂစ်)	၃. ၁၆၉၀၀	၀. ၃၁၅၅၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၆၅၀	၀. ၇၇၁၃၁
ဂျပန် (ယန်း)	၇၇. ၁၁၅၀	၀. ၀၁၂၉၇
တောင်ကိုရီးယား(ဝမ်)	၁၁၅၈. ၀၉	၀. ၀၀၀၈၆
ယူရို	၀. ၇၇၁၆၆	၁. ၂၉၅၉၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၄၁၈	၁. ၅၅၂၃၅

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို

နေ့လယ်ပိုင်း

- ၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၁း၂၅ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၁၈)**
- ၁၁း၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဆုံစည်းခွင့်လေးရှိမယ်ဆိုရင်**
- ၁၂း၄၀ ၇။ ကျန်းမာသုတ
- ၁၂း၅၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
- ၁း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၄၇)**

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၂၅ ၅။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၃၅ ၆။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၄း၄၀ ၇။ အားလုံးရဲ့တာဝန်
- ၄း၅၀ ၈။ လျှပ်တစ်ပြက်
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ ဒိဗိုင်နာတို့ရဲ့ဒိဗိုင်း
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၃။ ဘဝကြေးမုံ -အမတ်ဖြစ်ချင်သူ (ဇရာ၊ တက္ကသိုလ်ဝွမ်းပုံနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဆဲဗင်းအိုင်စီ)
- ၆း၅၀ ၁၄။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၁)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၆)**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၀၉)**

မိုးကောင်း၌ ပျံကျဈေးသည်များအား ချေးငွေထုတ်ပေး

မိုးကောင်း ဒီဇင်ဘာ ၃၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အရ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျံကျဈေးသည်များအား အသေးစားချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်း တက်ရောက်အမှာစကားပြောကြားပြီး အဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပျံကျဈေးသည် ၆၀ တို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချေးငွေစုစုပေါင်း ငွေကျပ်သိန်း ၆၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၉၉)

တီဘီဆေးယဉ်ပါးမှုပပျောက်ရေး ပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၃၁

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးနှင့် တီဘီဆေးယဉ်ပါးမှုပပျောက်ရေး ပညာပေးဟောပြောပွဲနှင့် တီဘီလူနာများအား အာဟာရပစ္စည်း ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်း ခရိုင် တီဘီရောဂါတိုက်ဖျက်ရေးဌာနအဖွဲ့ခေါင်းဆောင် ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဆွေဆွေသန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင်တို့က တီဘီရောဂါအကြောင်း သိကောင်းစရာများနှင့် တီဘီဆေးယဉ်ပါးမှုပပျောက်ရေးတို့ကို ပညာပေးဟောပြောကြပြီး တီဘီလူနာများအား အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြို့နယ်လုံးဆိုင်ရာ စာပေဟောပြောပွဲ ကျင်းပရေးကော်မတီတို့ ပူးပေါင်း၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက်က အမှတ် (၁၂) ရပ်ကွက် အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးလှထွန်း(လှထွန်း-တွံတေး) ဟောပြောစဉ်။ (၅၉၇)

ဂုဏ်ပြုဆုချီးမြှင့်

အမက(၉)ဒေါပုံ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန်ပထမဆုရရှိသော စတုတ္ထတန်းမှ မောင်ဉာဏ်လင်းဟန်သာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ညီသင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၆၄၉)

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတိုင်း ဒေသတိုင်း တစ်ပြေးညီတိုးတက်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်လျက်ရှိ

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းက အထောက်အကူဖြစ်မည်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဧရာဝတီတံတား(ပခုက္ကူ)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ဧရာဝတီတံတား (ပခုက္ကူ)ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့သည် နိုင်ငံတော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့တစ်နေ့ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

၎င်းတံတားကြီးသည် ကားလမ်းနှင့်မီးရထားလမ်းပါ ပူးတွဲတည်ဆောက်ထားခြင်းဖြစ်ပြီး တံတားကြီး၏ ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းတံတားအရှည် စုစုပေါင်း ၁၃၅၃၇ ပေ၊ မီးရထားလမ်း တံတားအရှည်စုစုပေါင်း ၂၀၅၉၇ ပေရှိပါကြောင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးများအနက် အရှည်ဆုံး ဧရာဝတီမြစ်ကူးတံတားဖြစ်ပါကြောင်း။

ယခုလိုတံတားကြီးကို တည်ဆောက်ပြီးစီးခြင်းကြောင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၏ ဒေသများနှင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသများသို့ တစ်ဆက်တစ်စပ်တည်း လွယ်ကူစွာ သွားလာနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယခင်က ဧရာဝတီမြစ်ကို ဇက်ရေယာဉ်များဖြင့် ဖြတ်သန်းကြရာတွင် အချိန်တစ်နာရီကျော်ခန့် ကြာမြင့်ခဲ့ရာမှ ယခုဆိုလျှင် မိနစ်ပိုင်းနှင့် အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ပါကြောင်း၊ အလားတူ ရထားလမ်းမှတစ်ဆင့် အရှေ့ဘက်ခြမ်းဒေသများ မိတ္ထီလာ၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီးဒေသများသို့ လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် ကြံခင်း၊ ဟင်္သာတဒေသများသို့ လည်းကောင်း ကုန်စည်များ လွယ်ကူစွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ရေရှည်တွင် ၎င်းတံတားကြီးကို ဖြတ်သန်း၍ အိန္ဒိယ၊ မြန်မာ၊ တရုတ် သုံးနိုင်ငံဆက် လမ်းမကြီးများ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်းမှတစ်ဆင့် အာဆီယံနိုင်ငံများသို့ပါ ဆက်စပ်ပေးမည့် အဓိက အရှေ့အနောက်ဆက်သွယ်ရေး လမ်းမကြီးများ ပေါ်ပေါက်လာတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်အနောက်ဘက်တွင်ရှိနေသော ဒေသထွက်ကုန်များ မြန်မာနိုင်ငံ တစ်နံတစ်လျားသာမက နယ်နိမိတ်ထိစပ်နေသော နိုင်ငံများကိုပါ လွယ်ကူစွာ ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတိုင်း ဒေသတိုင်း တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်မှုစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ယခုလမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းသည် ၎င်းရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းက ပံ့ပိုးအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်အောင် တည်ဆောက်လျက်ရှိရာတွင် ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို ပိုမို ဖြစ်ထွန်းလာစေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးထွက်ကုန်များ တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်မှု လွယ်ကူစေရန် လမ်းပန်းဆက်သွယ်ရေးကို တတ်စွမ်းနိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ အလားတူ ယခုလို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းကြောင့် တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ကူးလူးဆက်ဆံနိုင်ပြီး တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်စတင်ယူသည့်ကာလ ကိုးလအတွင်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေကောင်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လွတ်လပ်ရေးနှင့်အတူ အမြစ်တွယ်ပါလာခဲ့သည့် ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေရာတွင် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့ ဖွဲ့စည်းပေးပြီး ထာဝရငြိမ်းချမ်းရေးမူများ ချမှတ်ပြီး ဆွေးနွေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါကြောင်း။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ဈေးကွက်စီးပွားရေး ပီပီပြင်ပြင်ဖြစ်လာစေရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံတော်အတွင်း စိုက်ပျိုးရေးကို ထိခိုက်မှုမရှိစေရန်နှင့် စားဝတ်နေရေးပြည့်စုံမှုရှိစေရန် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများမှရရှိသော လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုရရှိစေရန် လိုအပ်သောဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ လုပ်ငန်းလွယ်ကူချောမွေ့စေရန် လုပ်ငန်းစနစ်များ ပြောင်းလဲဆောင်ရွက်စေခြင်း၊ နိုင်ငံတကာနှင့် ပိုမိုပွင့်လင်းစွာ ဆက်ဆံ၍ ပူးပေါင်းဆောင်ရွက်မှုများရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာစေရေးအတွက် အဓိကကျသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ၎င်းတံတားကြီးကို အဓိကအသုံးပြုကြမည့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဒေသခံပြည်သူလူထုအားလုံး စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ဖွင့်လှစ်သည့် ဧရာဝတီတံတား(ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့တို့ကို ဆက်သွယ်သည့် မြန်မာနိုင်ငံမှာ အရှည်ဆုံးဧရာဝတီမြစ်ကူးတံတားကြီးဖြစ်ပါကြောင်း၊ ၎င်းတံတားကြီးသည် နောင်ဖြစ်ပေါ်လာမည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဆက်သွယ်မည့် (Tripartite Highway) လမ်းမကြီးအတွက် ရည်ရွယ်ဖောက်လုပ်ထားခြင်းလည်းဖြစ်ပြီး နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းပူးတွဲပါဝင်သော သံမဏိသံပေါင်တံတားကြီးတစ်စင်း ဖြစ်ပါကြောင်း၊ ၎င်းတံတားကြီးတွင် ရထားလမ်းပါ ပူးတွဲဆောက်လုပ်ပေးခဲ့သည့်အတွက် ရထားဖြင့် ခရီးသွားလာပါက ပခုက္ကူမှ နေပြည်တော်သို့ ၁၉၅ မိုင်၊ နေပြည်တော်မှ ရန်ကုန်သို့ ၂၃၂ မိုင်၊ ပခုက္ကူမှ မြင်းခြံ-မန္တလေးသို့ ၁၁၉ မိုင်၊ ပခုက္ကူမှ ဂန့်ဂေါ-ကလေးသို့ ၂၂၅ မိုင်၊ ပခုက္ကူမှ ညောင်ဦး-မန္တလေးသို့ ၁၀၅ မိုင်နှင့် ယင်းအပြင် တည်ဆောက်နေဆဲ ပခုက္ကူ-ကြံခင်း-ပုသိမ် ၄၆၇ မိုင် ပြီးစီးသွားပါက စုစုပေါင်း ၁၃၄၃ မိုင်တို့ကို ၎င်းတံတားကြီးပေါ်မှ ရထားဖြင့် အချိန်တိုအတွင်း ဆက်စပ်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း။

ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်ရန် တံတားအူကြောင်းနေရာ ငါးနေရာရွေးချယ်တင်ပြခဲ့ပါကြောင်း၊ တင်ပြခဲ့သည့် တံတားအူကြောင်း ငါးနေရာအနက်မှ မြစ်ကမ်းတည်ငြိမ်မှုရှိခြင်း၊ ပခုက္ကူမြို့ပေါ်ရှိ တံတားဖြတ်သန်းမည့်နေရာသည် သာသနိက အဆောက်အအုံနှင့် လူနေအိမ်များ အနည်းဆုံးနေရာဖြစ်ခြင်းစသည့် အချက်များပေါ်မူတည်ပြီး အူကြောင်းအမှတ် ငါးနေရာကို ထိုအချိန်က နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကွင်းဆင်းရောက်ပြီး ရွေးချယ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ တံတားတိုင် ၁၆၆ တိုင်ကို တစ်နှစ်အတွင်း အပြီးဆောင်ရွက်ခဲ့ပြီး ၁၆-၁၁-၂၀၁၁ ရက်တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများပြီးစီးကာ ရွှေမူလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပနိုင်ခဲ့သဖြင့် သံပေါင်အခန်း ၃၀ ကိုလည်း ၁၁ လဖြင့် အပြီးတပ်ဆင်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တံတားကြီး တစ်စင်းလုံးကို တည်ဆောက်ချိန် နှစ်နှစ်နှင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းတံတားကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်၌ ဖွင့်လှစ်ခဲ့သော ကိုးစင်းမြောက် ပေ ၁၈၀ အထက် တံတားကြီးတစ်စင်းဖြစ်ပါကြောင်း။

တံတားကြီးကို Marine Steel 490 $Newton/mm^2$ သံမဏိအမျိုးအစားအများဆုံးအသုံးပြုခဲ့ပြီး စုစုပေါင်း Steel တန်ချိန် ၂၉၂၆၀ တန် အသုံးပြုခဲ့ကာ Bolt & Nuts အလုံးရေ ၁၄၉၀၄၃၅ လုံးကို ၇၄၀ Kilo Newton တင်းအားရအောင် တပ်ဆင်ခဲ့ပါကြောင်း၊ တံတားကြီးကို သုညဒီဂရီစင်တီဂရိတ်အထိ အအေးဒဏ်ခံနိုင်ပြီး ၆၀ ဒီဂရီစင်တီဂရိတ်အထိ အပူကြောင့် ဆန့်ထွက်မှုခံနိုင်အောင် Expension Joint များကို တပ်ဆင်ထားရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တံတားတည်ဆောက်မှုအပိုင်းကို တင်ပြရလျှင် ၁၉၈၈ ခုနှစ် မတိုင်မီက ပေ ၁၈၀ အောက်တံတား ၃၃၀၅ စင်းနှင့် ပေ ၁၈၀ အထက် ၁၉၈ စင်းရှိခဲ့ပြီး ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် မတ်လကုန်အထိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ပေ ၁၈၀ အောက် တံတား ၂၉၄၄ စင်းနှင့် ပေ ၁၈၀ အထက်တံတား ၂၆၃ စင်းကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ယနေ့အထိ ပေ ၁၈၀ အောက်တံတား ၇၄ စင်းနှင့် ပေ ၁၈၀ အထက်တံတားသည် ယခု ပခုက္ကူတံတားကြီးအပါအဝင် ကိုးစင်း တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ စုစုပေါင်း မြန်မာတစ်နိုင်ငံလုံးတွင် ပေ ၁၈၀ အောက်တံတား ၆၃၂၃ စင်းနှင့် ပေ ၁၈၀ အထက် တံတားအစင်း ၄၇၀ တို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီး၌ နိုင်ငံတော်က တံတားတည်ဆောက်မှုအပိုင်းကိုကြည့်လျှင် ၁၉၈၈ ခုနှစ် မတိုင်မီက ပေ ၁၈၀ အထက်တံတား အစင်း ၂၀ သာရှိခဲ့ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ယနေ့အထိ ၎င်းပခုက္ကူတံတားကြီးအပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၂၅ စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကူးတံတားများတွင် ၎င်းပခုက္ကူတံတား အပါအဝင် ချောက်တံတား၊ မကွေးတံတားတို့ကို တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ တည်ဆောက်ဆဲ ဧရာဝတီမြစ်ကူးတံတား(မလွန်) ၇၁၅၆ ပေနှင့် ပုသိမ်-မုံရွာလမ်းပေါ်ရှိ လှော်ချောင်းတံတား ပေ ၉၆၀ တို့ကို တည်ဆောက်လျက်ရှိပါကြောင်း၊ ပခုက္ကူမြို့လယ်တွင်ရှိသော ရွှေချောင်းတံတားကိုလည်း အခိုင်အမာတံတားအဖြစ် တည်ဆောက်ပေးရန် နိုင်ငံတော်အစိုးရက ခွင့်ပြုထားပြီးဖြစ်ပါကြောင်း သတင်းကောင်းပါးလိုပါကြောင်း။

၎င်းတံတားကြီးသည် မန္တလေးတိုင်းဒေသကြီးအနေဖြင့်ဆိုလျှင် ပေ ၁၈၀ အထက်တံတား ၂၅ စင်းမြောက်ဖြစ်ပြီး တည်ဆောက်ဆဲ ပေ ၁၈၀ အထက်တံတား လေးစင်းလည်းရှိပါကြောင်း။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၃ မှ

ဤတံတားကြီး မတည်ဆောက်မီက ပခုက္ကူမှ လက်ပန်ခြေပေါ်ဘက်ကမ်းကို သွားမည်ဆိုလျှင် ဇက်ရေယာဉ်ဖြင့်သာ သွားလာရပြီး ဇက်ရေယာဉ်ပေါ်ကို လူရော၊ ယာဉ်များပါ တင်ဆောင်ဖြတ်ကူးသွားလာရခြင်းဖြစ်ကြောင်း၊ ယခင် ဇက်ရေယာဉ် ဖြတ်ချိန် တစ်နာရီကျော်ခန့်ကြာမည့်အစား ယခုတံတားကြီးပေါ်မှ ဖြတ်သန်းသွားလာပါက အချိန် နှစ်မိနစ်မျှဖြင့် လိုရာခရီးကို ရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ ယခင်က တစ်နေ့လျှင် ဇက်ရေယာဉ်ဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်စီးရေ ၁၉၂ စီးသာ ဖြတ်သန်းသွားလာနိုင်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် နေ့စဉ် ယာဉ်မျိုးစုံ ၅၀၀ ကျော် ဖြတ်သန်းသွားလာနေသည်ကို တွေ့မြင်ရတော့မည်ဖြစ်သည့်အတွက် ကားလမ်းဆက်သွယ်ရေး ပိုမိုချောမွေ့ကောင်းမွန်လာသည့်အပြင် ရထားလမ်းပါ အသုံးပြုလာနိုင်မည်ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှုနှင့်သွားလာမှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းတွင်ရှိသော ပခုက္ကူမြို့နယ်နှင့် ဆက်စပ်သည့် မြို့နယ်များအားလုံးသည် မြန်မာပြည်အထက်ပိုင်း ဒေသထွက်ကုန်နှင့် သီးနှံများကို အဓိကရောင်းဝယ်ဖောက်ကားလျက်ရှိသဖြင့် ဤမော်တော်ကားလမ်းနှင့် ရထားလမ်း ပူးတွဲပါတံတားကြီးကြောင့် အချိန်တိုအတွင်း လိုရာခရီးကို ရောက်ရှိမည်ဖြစ်သကဲ့သို့ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းမှ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးများသို့လည်းကောင်း ဧရာဝတီမြစ်အနောက်ဘက်ခြမ်းမှ မကွေးတိုင်းဒေသကြီးမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းမကြီးကို အသုံးပြုကာ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး ရခိုင်ပြည်နယ်တို့ကို လည်းကောင်း၊ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သဖြင့် ဒေသထွက်ကုန် သယ်ဆောင်ရောင်းဝယ်မှုများ သွက်လက်မြန်ဆန်လာမှုနှင့်အတူ ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ ပိုမိုတိုးတက်မြင့်မားလာတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပခုက္ကူတံတားကြီးကို ပြည်ထောင်စုတံတားကြီးဟုပင် တင်စားခေါ်ဆိုနိုင်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဧရာဝတီတံတား (ပခုက္ကူ)သို့ ရောက်ရှိစဉ် လမ်းညွှန်မိန့်ကြားရာ၌ "တံတားကြီးများ မြန်မြန်ပြီးစီးလျှင် ပြည်သူများစောစီးစွာ အကျိုးကျေးဇူးများခံစားရမည်ဖြစ်ပြီး စီမံကိန်းဝင်လုပ်ငန်းကြီးများ တစ်ခုပြီးတစ်ခုပြီးစီးသွားသည်နှင့်အမျှ တိုင်းပြည်ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ မြန်မြန်ပြီးချင်ဇောဖြင့် လုပ်ဆောင်ရာတွင် ခိုင်ခံ့မှုနှင့် အရည်အသွေး မထိခိုက်ရန်လည်း သတိပြုဆောင်ရွက်ကြရန်လိုကြောင်း" လမ်းညွှန်မှာကြားသွားခဲ့ပါကြောင်း။

❂ ယခင် ဇက်ရေယာဉ်ဖြတ်ချိန် တစ်နာရီကျော်ခန့် ကြာမည့်အစား ယခုတံတားကြီးပေါ်မှ ဖြတ်သန်း သွားလာပါက အချိန်နှစ်မိနစ်မျှဖြင့် လိုရာခရီး ကို ရောက်ရှိတော့မည်။

❂ ယခင်က တစ်နေ့လျှင် ဇက်ရေယာဉ်ဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်စီးရေ ၁၉၂ စီးသာ ဖြတ်သန်းသွားလာနိုင်။

❂ ယခုဆိုလျှင် နေ့စဉ် ယာဉ်မျိုးစုံ ၅၀၀ ကျော် ဖြတ်သန်းသွားလာနေသည်ကို တွေ့မြင်ရတော့ မည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လက်ပန်ခြေပေါ်ဘက်ကမ်းရှိ ဧရာဝတီတံတား(ပခုက္ကူ) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ဤတံတားကြီးကို မြန်မြန်ဆန်ဆန် အချိန်မီပြီးစီးရေးအတွက် တံတားတည်ဆောက်ရန် တာဝန်ပေးထားသော အဖွဲ့ကြီး နှစ်ဖွဲ့အပြင် ထပ်မံ၍ အထူးအဖွဲ့သုံးဖွဲ့မှ အင်ဂျင်နီယာ ၆၀ နှင့် ကျွမ်းကျင်လုပ်သား ၁၅၀၀ ကျော် အားဖြည့်ပြီး "လူကူစက်ကူအင်အားယူပြီး စုပြုံပုံအောကာ မြန်နှုန်းမြင့် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါကြောင်း"။

ထို့အပြင် တံတားတည်ဆောက်မှု နည်းပညာများကိုလည်း ဖြန့်ဝေပေးသည့် အနေဖြင့် ပခုက္ကူနည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၂၉၇ ဦး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ လေ့လာသူ ၆၄ ဦး၊ ချောက်နည်းပညာကောလိပ်မှ ကျောင်းသား၊ ကျောင်းသူ ၆၉ ဦး၊ တောင်ငူနည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၂၉ ဦးတို့နှင့် မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့် အင်ဂျင်နီယာအဖွဲ့အစည်း အသီးသီးတို့မှ အင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများစွာကို လက်တွေ့ကျကျ အုပ်စုခွဲပြီး လာရောက်လေ့လာစေခဲ့ခြင်းဖြင့် တံတားတည်ဆောက်မှုနည်းပညာများကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း။

ထို့အပြင် ဤတံတားကြီးပြီးစီးအောင် အဘက်ဘက်မှ ကူညီပေးခဲ့ကြသော ဒေသဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ပခုက္ကူမြို့နှင့် လက်ပန်ခြေပေါ်ကျေးရွာမှ ဒေသခံပြည်သူအပေါင်းတို့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်သွယ်ပေးသည့် တောင်မြောက်သွားလာနိုင်သော လမ်းမကြီးများ၊ အရှေ့အနောက်သွားလာနိုင်သော လမ်းမကြီးများ ဖောက်လုပ်ပေးလျက်ရှိပါကြောင်း၊ ယနေ့အထိ တိုင်းဒေသကြီးအတွင်း ကွန်ကရစ်လမ်း ၁၈၄ မိုင်၊ ကတ္တရာလမ်း ၁၆၁၉ မိုင်၊ ကျောက်လမ်း ၈၁၃ မိုင်၊ အမာခံလမ်း ၃၇၆ မိုင်၊ မြေလမ်း ၂၁၆၅ မိုင် ဖောက်လုပ်ပြီးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် လမ်းပန်းဆက်သွယ်မှုတွင် မဖြစ်မနေပါဝင်နေသော မြစ်ချောင်းများဖြတ်ကျော်ရသည့် တံတားများကိုလည်း ဖောက်လုပ်ပေးထားရာ ပေ ၁၈၀ အထက် တံတား ၃၉ စင်း အပါအဝင်တံတားကြီး/ငယ်ပေါင်း ၅၈၅၃ စင်း ဆောက်လုပ်ပေးထားပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း နေရာအနှံ့သွားလာနိုင်သည့် အခြေအနေရောက်ရှိနေပြီဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းသာမက တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခု ဆက်သွယ်ပေးထားသည့် တံတားများလည်းရှိရာ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား၊ ရတနာပုံတံတားတို့ရှိနေပြီး ရတနာသိင်္ခတံတားကို ဆောက်လုပ်ဆဲဖြစ်ပါကြောင်း၊ ယခု ဧရာဝတီ(ပခုက္ကူ) တံတားကို မကွေးတိုင်းဒေသကြီးနှင့် ဆက်သွယ်ပေးထားပါကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ တိုင်းဒေသကြီး အတွင်းသာမကဘဲ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပါ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လျက်ရှိနေရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိနေပါကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဧရာဝတီတံတား(ပခုက္ကူ)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိမိတို့ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့သည် နယ်မြေဆက်စပ်လျက်ရှိကြပါကြောင်း။ နယ်မြေဆက်စပ်လျက်ရှိသည်နှင့်အမျှ လူမှုဆက်ဆံရေးကိစ္စရပ်များ၊ စီးပွားရေးဆက်ဆံမှုကိစ္စရပ်များသည် ခွဲခြား၍မရသော ဒေသကြီးများဖြစ်ကြပါကြောင်း၊ ပခုက္ကူမြို့သည် မကွေးတိုင်းဒေသကြီးထဲက ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့တော်ဖြစ်ပါကြောင်း၊ ပခုက္ကူမြို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့များနှင့် ဆက်သွယ်သွားလာမှု၊ ကုန်စည်ပို့ဆောင်မှု နေ့စဉ်ရှိပါကြောင်း။

ယခု ဧရာဝတီတံတား (ပခုက္ကူ)ပေါ်ပေါက်လာခြင်းသည် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး နှစ်ခုအကြား သွားလာမှုလွယ်ကူခြင်း၊ ကုန်စည်စီးဆင်းမှု လွယ်ကူ/လျင်မြန်ခြင်းတို့ကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာတော့မည်ဖြစ်ပါကြောင်း၊ မိမိတို့တိုင်းဒေသကြီး နှစ်ခုအတွက်သာမက မိမိတို့ တိုင်းဒေသကြီးများနှင့် ဆက်စပ်နေသော အခြားသောတိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွက်ပါ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်/လျင်မြန်လာစေတော့မည် ဖြစ်ပါကြောင်း။

ထူးခြားချက်မှာ ဤတံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ Tripartite Highway လမ်းမကြီးပေါ်ရှိနေသည့်အတွက် မိမိတို့တိုင်းဒေသကြီး နှစ်ခုအတွက်သာမက နိုင်ငံတော်အတွက်ပါ အရေးပါပြီး အသုံးဝင်တန်ဖိုး လွန်စွာကြီးမားကြောင်း မှတ်ယူနိုင်ပါကြောင်း၊ ထို့ကြောင့် ဤတံတားကြီး ဖြစ်ပေါ်လာမှုအပေါ်တွင် မိမိတို့ မန္တလေးတိုင်းဒေသကြီးအနေဖြင့် လွန်စွာဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း။

ဤတံတားကြီးသည် ကားရော ရထားပါသွားလာနိုင်သည့် တံတားဖြစ်ပါကြောင်း၊ ထို့ကြောင့် နေပြည်တော်-ပုဂံ၊ မန္တလေး-ပုဂံမီးရထားလမ်းနှင့် ရန်ကုန်-ပြည်-ပုဂံ-ပခုက္ကူ ဆက်စပ်သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ထို့အပြင် ပုဂံမှ ပခုက္ကူ/ဂန့်ဂေါ/ကလေးမြို့များသို့ပါ မီးရထားလမ်း တိုက်ရိုက်ပေါက်သွားသည့်အတွက် ဧရာဝတီမြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကုန်စည်စီးဆင်းမှုပိုမိုလွယ်ကူပြီး ကုန်ကျစရိတ်များလည်း လျော့ကျလာမည်ဖြစ်သည့်အတွက် ပြည်သူလူထုအတွက် လွန်စွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ နောင်အခါ ဖြစ်ပေါ်လာမည့် ပခုက္ကူတောင်ဘက်ရထားလမ်းပိုင်းနှင့်လည်း ချိတ်ဆက်သွားနိုင်မည်ဖြစ်သည့်အတွက် ဧရာဝတီမြစ်အနောက်ခြမ်းရှိ ရထားလမ်း တစ်ခုလုံးနှင့် ချိတ်ဆက်နိုင်တော့မည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး၏ ပြည်သူလူထုအနေဖြင့် ဤတံတားကြီးဖြစ်ပေါ်လာမှုအပေါ်တွင်ကြည့်ပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့ ကားလမ်းရော ရထားလမ်းများပါ ဆက်စပ်သွားလာနိုင်မှုအပေါ် အိပ်မက်ပမာဖြစ်ခဲ့ကြပါကြောင်း၊ ယနေ့တွင် တံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် လာမည့် ၂၀၁၂ ခုနှစ်အတွက် နိုင်ငံတော်ကနှစ်သစ်လက်ဆောင်အဖြစ်ပေးသည်ဟုပင် မှတ်ယူကြပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွက်ရော နိုင်ငံတော်အတွက်ပါ အထူးအကျိုးပြုသည့် ဤတံတားကြီးကို တည်ဆောက်ခွင့်ပြုပေးပါသော နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဤတံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ၊ အရာထမ်း/အမှုထမ်းများအားလုံး၏ ကြိုးစားအားထုတ်မှု၊ တာဝန်ကျေပွန်မှုတို့ကိုလည်း အသိအမှတ်ပြုပါကြောင်း မန္တလေးတိုင်းဒေသကြီး၏ ပြည်သူလူထုကိုယ်စား ပြောကြားလိုပါကြောင်း။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် ရထားလမ်းနှင့် ကားလမ်းပူးတွဲပါ ဧရာဝတီတံတား(ပခုက္ကူ) တံတားကြီးသည် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးဖြစ်သကဲ့သို့ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ပေါင်းကူးပေးသည့် ထူးခြားအသုံးဝင်လှသည့် တံတားကြီးဖြစ်ပါကြောင်း၊ ဤတံတားကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက်လည်း ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေသေးသော ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသများသည် ချက်ချင်းဆိုသကဲ့သို့ အလျင်အမြန် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ပင် ဖြစ်ပါကြောင်း။

ဤတံတားကြီးကို အောင်မြင်စွာတည်ဆောက်နိုင်ခြင်းကြောင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းတွင်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များသည် တစ်ဆက်တစ်စပ်တည်းဖြစ်သွားပြီး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်ပါကြောင်း။

မိမိတို့ မကွေးတိုင်းဒေသကြီးအတွင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတားကြီးများအနေဖြင့် ယခုတံတားအပါအဝင် ၁၇ စင်းမြောက်အထိ ရှိနေပြီဖြစ်သကဲ့သို့ တည်ဆောက်ဆဲတံတားရှည် ၃၂၁၅ ပေရှိ ဧရာဝတီတံတား(မလွန်)တစ်စင်းလည်း မကြာမီပေါ်ထွန်းလာဦးမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မိမိတို့ မကွေးတိုင်းဒေသကြီးအတွင်းတွင် ရိုးမဖြတ်ကျော်လမ်းမကြီးများ၊ ဧရာဝတီမြစ်ကျော်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

✻ စာမျက်နှာ ၄ မှ

တံတားကြီးများဖြစ်သည့် ဧရာဝတီတံတား(မကွေး)၊ အနော်ရထာတံတား(ချောက်)၊ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား (မလွန်) တို့အပြင် ပုသိမ်-မုံရွာလမ်းမကြီး စသည်ဖြင့် အချိုးညီညီ တည်ဆောက်ပေးနေသည့်အပြင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် တို့ကို သွားလာနိုင်သည့်လမ်းများကို တိုးတက်ပြုပြင် ဆောက်လုပ်ပေးနေသည်ကို အားလုံးအသိအမြင်ပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း မကွေးတိုင်းဒေသကြီးသည် အချက်အချာကျသည့်ဒေသကြီးဖြစ်လာပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနေရပြီ ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ အား တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ထို့အတူ တံတားကြီးသည် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းတစ်လမ်း ပါဝင်သည့်အတွက် ပခုက္ကူခရိုင်နှင့် ဆက်စပ်သည့်ဒေသအားလုံးသည် သွားလာမှု၊ ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်ကောင်းမွန်လာပြီး ဒေသထွက်ကုန်များကို သယ်ယူပို့ဆောင်စရိတ်နည်းပါးစွာဖြင့် ဆောင်ရွက်လာနိုင်တော့မည်ဖြစ်သည့်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာတော့မည်ဖြစ်ပါကြောင်း။

ထို့အပြင် ဤတံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင်ရှိသော မကွေးတိုင်းဒေသကြီးမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ် ကချင်ပြည်နယ်တို့အား လည်းကောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းတွင်ရှိသည့် မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးများသို့ တစ်ဆက်တစ်စပ်တည်း ကူးလူးသွားလာနိုင်ပြီဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုများ သွေးစည်းညီညွတ်မှုကို ပိုမိုတည်ဆောက်ပေးနိုင်တော့မည့်(တိုင်းရင်းသားစည်းလုံးညီညွတ်ရေး) တံတားကြီး တစ်စင်းပင်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ဤတံတားကြီးကို အချိန်တိုကာလအတွင်း အောင်မြင်စွာတည်ဆောက်ပေးခဲ့ပါသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကာယညာဏဝန်ထမ်းများ၊ ဆက်စပ်ရထားလမ်းဖောက်လုပ်ပေးပါသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်နှင့် ကာယညာဏဝန်ထမ်းများ၊ တံတားကြီးတည်ဆောက်ရေးတွင် အောင်အောင်မြင်မြင်ချောမောအောင် ဝိုင်းဝန်းကူညီပေးကြသည့် မိဘပြည်သူများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဒေသခံပြည်သူများကိုယ်စား အမှတ်(၁၂)ရပ်ကွက်မှ ဦးအေးကိုက မကွေးတိုင်းဒေသကြီးအတွင်း၌ရှိသော ပခုက္ကူမြို့သည် ဧရာအနောက်မြို့တော်ဟု ပခုက္ကူဒေသသားတို့က ဂုဏ်ယူပြောဆိုနေကြသည်အား ယခုဖွင့်လှစ်လိုက်သည့် တံတားကြီးသည် အဆိုပါ ဂုဏ်ပုဒ်ကို နိုင်ငံတော်အစိုးရက အချိုပေါ် သကာလောင်းသကဲ့သို့ ထပ်လောင်းပေးလိုက်ခြင်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ဤတံတားကြီးနေရာကို တိုင်းတာရေးလုပ်ငန်းများ စတင်ခဲ့စဉ်က မိမိတို့မြို့သားများက တိုင်းသာတိုင်းတာပါ တကယ်ဆောက်နိုင်သေးမည် မဟုတ်ပါဘူးဟု ပြောဆိုခဲ့ကြပါကြောင်း၊ တံတားအူကြောင်းကို ရွေးချယ်ကာ တံတားစတင်တည်ဆောက်ချိန်တွင်လည်း(၄)(၅)နှစ်တော့ ကြာမှာပဲဟု ထင်နေကြပါကြောင်း၊ သို့ရာတွင် အင်ဂျင်နီယာဝန်ထမ်းများ၊ ၎င်းတို့နှင့်ပါလာသော ကျွမ်းကျင်လုပ်သားများစွာနှင့် ဒေသခံကာယ၊ ဉာဏလုပ်သားများ၏ နေ့ညမနား၊ မလျှော့သော ဇွဲ၊ လုံ့လနှင့် အခက်အခဲများကို ဖြတ်ကျော်ဆောင်ရွက်လာသည့်အခါ တံတားတိုင်ကြီးများက ရေပြင်မှာရော ကုန်းပေါ်မှာပါ မိမိတို့ မျက်စိအောက်မှာပင် အချိန်တိုအတွင်း ပေါ်ထွက်လာသည်ကို မြင်တွေ့လာရပြီး အံ့သြခဲ့ကြရပါကြောင်း။ ဤအချိန်မှာပင် တံတားသံပေါင်များ အချိန်ကိုက်စုပြုံရောက်ရှိလာပြီး သံပေါင်များ အချိန်ပြည့် တပ်ဆင်လာသည့် အချိန်တွင်မူ တံတားကြီး အမှန်တကယ် ပြီးအောင်ဆောက်နိုင်ပြီဟု ယုံကြည်လက်ခံလာခဲ့ပါကြောင်း၊ မိမိတို့ နေ့စဉ်နှင့်အမျှ တံတားကြီးပြီးစီးမှု အခြေအနေကို လာကြည့်ဖြစ်သည်အထိ တံတားကြီးသည် မျက်စိအောက်မှာပင် တစ်ခုံးပြီးတစ်ခုံးပေါ်လာကာ ပခုက္ကူဘက်ကမ်းနှင့် နီးလာသည်ကို အိမ်ပြန်ရောက်ချိန်တွင် ပြန်လည်ပြောပြရသည်မှာ အားမရနိုင်လောက်အောင် ဖြစ်နေခဲ့ရပါကြောင်း။

ဤနောက်တွင်မူ တံတားကြီးသည် မိမိတို့ မူလတွေးထင်မှန်းဆခဲ့သည်ထက်ကို စောပြီး ပြီးစီးလာခဲ့ပါကြောင်း။

ဤတံတားကြီးဖွင့်လှစ်နိုင်သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့တွင်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။

တိုးတက်ဖြစ်ပေါ်လာသည့် လမ်းပန်းဆက်သွယ်မှု အခြေအနေကောင်းများကို အခြေခံပြီး မိမိတို့ ဒေသခံပြည်သူများသည်လည်း နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ၏ စေတနာကို လေးစားဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် အထွေထွေဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူများကိုယ်စားကတိပြု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဒေသခံပြည်သူများကိုယ်စား ဦးဖုန်းကျော်က မိမိတို့ညောင်ဦးမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများသည် ပခုက္ကူမြို့ဘက်သွားရောက်ရာတွင် ယခင်က ဧရာဝတီမြစ်ကြီးကို လှေသမ္ဗန်၊ စက်လှေ၊ ဇက်ရေယာဉ်တို့ဖြင့် ရေလယ်ကျွန်းကြီးကိုပတ်၍ အချိန်ကြာမြင့်စွာ ကူးသန်းသွားလာခဲ့ရကြောင်း။

မိမိတို့သည် ပခုက္ကူမြို့နှင့် ပတ်ဝန်းကျင်မြို့ ကျေးရွာများကို သွားလာရန်အတွက် နီးလျက်နှင့် ဝေးနေရကြောင်း၊ ရာသီဥတု အခြေအနေအရ ရေလမ်းခရီးဖြင့် ကူးခတ်သွားလာရာ၌ နွေရာသီတွင် မမျှော်လင့်ဘဲ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးရာသီတွင် ရုတ်တရက် မိုးသက်လေပြင်းများ ကြောင့် လှိုင်းကြီးခြင်းဒုက္ခများ ကြုံတွေ့ခဲ့ရပြီး လှေ၊ သမ္ဗန်၊ စက်လှေများ တိမ်းမှောက်၍ ကုန်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် တစ်ခါတစ်ရံ ဝမ်းနည်းဖွယ်ရာ လူ့အသက်များ ဆုံးရှုံးခြင်းကိုပါ ကြုံတွေ့ခံစားခဲ့ရပါကြောင်း။

ယခုကဲ့သို့ တံတားကြီးကို နိုင်ငံတော်အကြီးအကဲများ၏ ပြည်သူများအပေါ် ထားရှိသည့် စိတ်ထားစေတနာမှန်နှင့်အညီ ပေါ်ထွန်းလာသည့်အတွက် မိမိတို့ ဒေသခံပြည်သူများအနေဖြင့် ပြောပြမတတ်အောင် ဝမ်းသာပီတိဖြစ်ရပါကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးကို မေတ္တာစေတနာ အပြည့်ထား၍ တည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်ခေါင်းဆောင် အကြီးအကဲများ၊ အချိန်တိုအတွင်း အလျင်အမြန် ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ပါသော ကာယဉာဏလုပ်သားများအား ဒေသခံပြည်သူများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤတံတားကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ပခုက္ကူ) ဖွင့်လှစ်နိုင်ရန် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ဘက်ကမ်းရှိ တံတားမုခ်ဦးသို့ သွားရောက်နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်တို့က ပခုက္ကူဘက်ကမ်း တံတားကြီးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပခုက္ကူဘက်ကမ်း တံတားဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧရာဝတီတံတား(ပခုက္ကူ) ပခုက္ကူ ဘက်ကမ်း ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များကို ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပခုက္ကူဘက်ကမ်းမှ လက်ပန်ခြေပေါ်ဘက်ကမ်းသို့ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ဘက်ကမ်းရှိ ဧရာဝတီတံတား (ပခုက္ကူ)ဖွင့်ပွဲ ကျင်းပမည့် သတ်မှတ်နေရာ၌ သွားရောက်နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ဧရာဝတီတံတား(ပခုက္ကူ) လက်ပန်ခြေပေါ်ဘက်ကမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လက်ပန်ခြေပေါ်ဘက်ကမ်း တံတားဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် လက်ပန်ခြေပေါ်ဘက်ကမ်းရှိ ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ပခုက္ကူ) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တံတားကြီးကို ဖြတ်သန်းကြည့်ရှုသည်။

ဧရာဝတီတံတား(ပခုက္ကူ)မှာ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့အတွင်း တည်ရှိသည်။

တံတားကြီး၏ ပင်မတံတားအရှည်မှာ ၁၁၄၃၁ပေ ၂ ဒသမ ၁၆ မိုင်၊ ကားလမ်း တံတားအရှည်မှာ စုစုပေါင်း ၁၃၅၃၇ ပေ၊ ၂ ဒသမ ၁၆ မိုင်၊ ရထားလမ်း တံတားအရှည်မှာ စုစုပေါင်း ၂၀၅၉၇ ပေ ၃ ဒသမ ၉၀ မိုင် ရှိသည်။

တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် တိုင်ကိုယ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ရထားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ပေ ၅၄၂၀နှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၃၇၄၆ ပေ စုစုပေါင်း ချဉ်းကပ်တံတားအရှည် ၉၁၆၆ ပေရှိသည်။ ကားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ၁၃၇၈ ပေနှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၇၂၈ ပေ စုစုပေါင်းချဉ်းကပ်တံတား အရှည် ၂၁၀၆ ပေရှိသည်။

တံတားကြီး၏ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ (မီတာ ၈၀)ရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၅၂ ပေ (၁၆ မီတာ)ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ၁၃ ခုကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဧရာဝတီတံတား (ပခုက္ကူ) ချဉ်းကပ်ရထားလမ်း စီမံကိန်းမှာတစ်ခုအပါအဝင်ဖြစ်သည်။

စီမံကိန်း၏ ပခုက္ကူဘက်ခြမ်း ချဉ်းကပ်ရထားလမ်း တာပေါင်အရှည်မှာ ၁ ဒသမ ၇၁မိုင်၊ လက်ပန်ခြေပေါ်ဘက်ခြမ်း ချဉ်းကပ်ရထားလမ်း တာပေါင်အရှည်မှာ ၂ ဒသမ ၃၀)မိုင် ပင်မတံတားနှင့် ချဉ်းကပ်ရထားလမ်းတံတားများ အပါအဝင် စုစုပေါင်း ရထားလမ်းအရှည် ၇ ဒသမ ၉၁ မိုင်နှင့် စုစုပေါင်း ရထားသံလမ်းအရှည် ၉ ဒသမ ၂၈ မိုင်ရှိပြီး အများဆုံး ကွေ့ဒီဂရီမှာ ၃ ဒီဂရီဖြစ်သည်။

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ဖောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သည့် တောင်တွင်းကြီး-ပုဂံ-မြင်းခြံရထားလမ်းနှင့် ဧရာဝတီအနောက်ဘက်ခြမ်းတွင် ဖောက်လုပ်ဆဲဖြစ်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်းကို ဆက်သွယ်သွားလာနိုင်ရန် ဤစီမံကိန်းကို အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတံတား(ပခုက္ကူ)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် ဖွင့်လှစ်ခဲ့သည့် ကိုးစင်းမြောက် ပေ ၁၈၀ အထက် တံတားကြီးတစ်စင်း ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်တို့ ပခုက္ကူဘက်ကမ်းတံတားကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ဧရာဝတီတံတား(ပခုက္ကူ)ကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော်		ဒီဇင်ဘာ		၃၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ယနေ့ဆက်လက်ကျင်းပသည်။

နံနက် ၉ နာရီမှ စတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ လက်ဝတ်ရတနာပစ္စည်းအရောင်းဆိုင်များ၌လည်း ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များနှင့်အတူ မဏိရတနာကျောက်စိမ်းခန်းမအတွင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများ ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၄၃၃ တွဲရောင်းချရပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများကို ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများ ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျောက်စိမ်းအတွဲများ ကြည့်ရှုလေ့လာ

ပြည်တွင်း ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် သင်တန်းဖွင့်ပွဲများ တက်ရောက်

**နေပြည်တော်		ဒီဇင်ဘာ		၃၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက်တွင် အဆိုပါ သင်တန်းကျောင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်တို့က ကျောင်းအုပ်ဆရာမကြီးထံ အာလူး၊ ကုလားပဲ၊ ကြက်သွန်၊ ငါးပိနှင့် ဆီတို့ကို ထောက်ပံ့ပေးအပ်သည်။

အဆင့်မြင့်စက်ချုပ်သင်တန်း၌ သင်တန်းသူ ၂၀ နှင့် အခြေခံအိမ်တွင်းမှုသင်တန်း၌ သင်တန်းသူ ၄၀ တက်ရောက်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မြိုင်ကြီးငူဒေသ၌ တည်ဆောက်မည့် ကျေးလက်အိမ်ရာ ၂၀ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့တက်ရောက်၍ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပန္နက်တိုင်များကို စိုက်ထူပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရွှေလျားမူလတန်းကျောင်းသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများနှင့် အာဟာရများပေးအပ်ခဲ့ပြီး မြိုင်ကြီးငူပြည်သူ့ဆေးရုံ၌ ၂၄ နာရီ မီးရရှိရေး ဆိုလာမီးတိုင်၊ ဆိုလာပြားများ တပ်ဆင်သုံးစွဲနေမှုကို ကြည့်ရှုကာ ဆေးရုံတက်လူနာများအား အားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မြိုင်ကြီးငူ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ထောက်ပံ့ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် မြိုင်ကြီးငူဒေသအတွင်း စိုက်ပျိုးရန် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ပျိုးထောင်ထားရှိသည့် မျိုးကောင်းမျိုးသန့်ရော်ဘာပျိုးပင်များ၊ ကမ်းနီကျေးရွာအနီး တောင်သူ ဦးအုန်းတင်၏ ဖြစ်ထွန်း အောင်မြင်လျက်ရှိသည့် ပဲပုပ်နှင့်မြေပဲ စိုက်ခင်းများနှင့် ရွှေဂွန်းနံနက်ခင်း ဈေးအတွင်း ရောင်းဝယ်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကာ သဗ္ဗာန်ကျေးရွာအနီး စပါးခင်းများ၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှု၍ တောင်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသည့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၅)သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် အာလူး၊ ကုလားပဲ၊ ကြက်သွန်၊ ငါးပိနှင့် ဆီတို့ကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသူ စုစုပေါင်း ၁၂၀ တက်ရောက်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဂိုဒေါင်မီးလောင်ပေါက်ကွဲမှုတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အလှူငွေများ လက်ခံရရှိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်လမ်းရှိ မေတ္တာမွန်ဂိုဒေါင်အုပ်စုရှိ ဂိုဒေါင်မီးလောင်ပေါက်ကွဲမှုတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သေဆုံးခဲ့သူများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက် အလှူငွေများ လက်ခံရရှိခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ယုဇနပလာဇာ မိသားစုများက ငွေကျပ် ၂၅၀၀၀၀၀၊ Eleven ဂျာနယ်က ငွေကျပ် ၂၀၀၀၀၀၀၊ ဦးရှိန်ဝင်း-ဒေါ်ခင်ချိုဦး၊ သား-ကောင်းထိုက်ထွန်းတို့က ငွေကျပ် ១၅၀၀၀၀၀၊ ဦးသိန်းထွန်း (သိန်းထွန်းဆောက်လုပ်ရေး)က ငွေကျပ် ၁၂၄၀၀၀၀၊ ဦးတင်မြင့် (SUN TAC TECHNOLOGIES)နှင့် ရွှေရွက်လှေ အထည်ချုပ် (GOLD YACHD CO.,LTD.)က ငွေကျပ် ၁၀၀၀၀၀၀ စီ၊ ဒေါက်တာကောင်းကျော်ဆွေ (K Future Co.,Ltd.)၊ S.S.C နှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ် ၅၀၀၀၀၀ စီ၊ ကျောက်မြောင်းဈေးသူ၊ ဈေးသားများက ငွေကျပ် ၄၀၂၀၀၀၊ SHE အမျိုးသမီး လစဉ်သုံးပစ္စည်း လုပ်ငန်းနှင့် ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ အလှူရှင်တစ်ဦးတို့က ငွေကျပ် ၃၀၀၀၀၀ စီ၊ ဦးလှိုင်မင်းထွန်း-ဒေါ်နန္ဒာခိုင် (မြန်မာမိတ်ကာဟုန်းကုမ္ပဏီ) ကငွေကျပ် ၂၅၀၀၀၀၊ ဦးဌေးဝင်းအောင် (သစ်လုပ်ငန်း)၊ ဒေါက်တာသာထွန်းဦး (Today Media Group) တို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ နေပြည်တော်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဦးလင်းထိန်ဦး-မဒေါ်လီတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးရဲမြင့်အောင် - ဒေါ်တင်တင်ဝင်း မိသားစုက ငွေကျပ် ၁၃၀၀၀၀ အပါအဝင် အလှူရှင် ၄၀ တို့က ပေးလှူသော စုစုပေါင်း အလှူငွေကျပ် ၁၃၈၃၀၀၀၀ ကို လက်ခံရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးသင့်ပြည်သူများအတွက် Blazonမှ အဝတ်အထည်များ လှူဒါန်း

**ရန်ကုန်		ဒီဇင်ဘာ		၃၁**

မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်အတွင်းရှိ မီးဘေးသင့်ပြည်သူများအတွက် Blazon Department Store မှ ကျား၊ မ၊ ကလေး အဝတ်အထည် မျိုးစုံ တစ်သောင်းကျော်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ယနေ့မွန်းလွဲ ၂ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်ရှိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရေးအဖွဲ့သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

မွန်ပြည်နယ် ဘီးလင်းမြို့နယ်နေ ကွယ်လွန်သူ ကျေးဇူးရှင်မိဘများဖြစ်ကြသည့် ဦးနီနှင့် ဒေါ်သန်းရွှေတို့အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့ နယ်နေ Supper IQ မှ Senior Sayar ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်သန်းသန်းဝင်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူအတွက် လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၁-၂၀၁၂ (တနင်္ဂနွေနေ့)

[၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ သတ္တုဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၈။ အကပြိုင်ပွဲ
- ၈း၂၅ ၉။ တေးဂီတအစီအစဉ်
- ၈း၃၅ ၁၀။ International News
- ၈း၄၅ ၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၃၇)**
- ၁၂း၂၀ ၅။ **မြန်မာရုပ်ရှင်. . . . "တိုက်ပွဲခေါ်သံ" (သီဟတင်စိုး၊ ညွန့်ဝင်း၊ ဇော်လင်း၊ မင်းဦး၊ ဇင်မာဦး၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-မောင်တင်ဦး)**
- ၂း၂၀ ၆။ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၂း၃၀ ၇။ ပြည်တွင်းထုတ်ကုန် မုံရွာချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ
- ၂း၄၀ ၈။ အတီးပြိုင်ပွဲ
- ၂း၅၅ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၄။ "လောကရဲ့အလှရတနာ"
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၅း၀၀ ၈။ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၁၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၂၅)**
- ၆း၄၀ ၁၃။ တစ်မျက်နှာ၊ တစ်ကွက်စာ "အရိပ်အကဲ" (သားညီ၊ ရော၊ လင်းဇာနည်ဇော်) [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုအကြင်နာပို" (အပိုင်း-၂)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည်မြန်မာပြည်" (သမိုင်းတစ်ကွေ့ နိုင်ငံရေးတစ်ဆစ်ချိုး တိုးတက်မှုအမြင်ပုံရိပ်သွင်များ)
- ၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၇၉)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ" (အပိုင်း-၂)**
- ၂၁။ အစီအစဉ်ပြီး၏။

ရာသီကြို ကွန်မြူနတီဒိုင်း ရောဝတီယူနိုက်တက်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၁၂ MNL ဘောလုံးပြိုင်ပွဲ ရာသီကြိုကွင်းဖွင့် အထိမ်းအမှတ် MFF ကွန်မြူနတီဒိုင်း ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်း၌ ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို ခုနစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရောဝတီယူနိုက်တက်	-	**ခုနစ်ဂိုး**
ရန်ကုန်ယူနိုက်တက်	-	**ငါးဂိုး**

ရောဝတီယူနိုက်တက်အသင်းမှာ ရာသီကြို ကွန်မြူနတီဒိုင်း ရန်ပုံငွေပြိုင်ပွဲတွင် ရန်ကုန်အသင်းကို

ပယ်နယ်တီအဆုံးအဖြတ် ဖြင့် အနိုင်ရရှိသွားခဲ့သည်။ ၂၀၁၁ MNL အမှတ်ပေးနှင့် MFF CUP ရှုံး/ထွက် ချန်ပီယံ ရန်ကုန်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြမကစားနိုင်ခဲ့သလို ခံစစ်ပိုင်း အမှားအယွင်းများခဲ့သောကြောင့် နှစ်ကြိမ်တိုင်ဦးဆောင်ဂိုးများ ပေးခဲ့ရသည်။

ရန်ကုန်အသင်းကစားပွဲမှာ လိုအပ်ချက်များရှိနေခဲ့ပြီး ၃၇ မိနစ်တွင် ရန်အောင်ဝင်း နောက်ပြန်ပေးရာ ဂိုးသမား တေဇာအောင် လွတ်ပြီး ဂိုးပေးခဲ့ရသလို ၄၉ မိနစ်တွင် ဂျူပီတာ၏ ကန်ချက်မှာ နောက်ခံလူ နီကိုလာနှင့် ထိပြီး ဂိုးဝင်ခဲ့သောကြောင့် လက်ဆောင်ဂိုးများမှ ရောဝတီ ဂိုးများရခဲ့သည်။ ရောဝတီအသင်းမှာလည်း ယမန်နှစ်ခြေစွမ်းကို မမီသောကြောင့် ချေပဂိုးများ ပြန်ပေးခဲ့ရပြီး ၃၈ မိနစ်တွင် ရန်အောင်ကျော်နှင့် ၅၃ မိနစ်တွင် မာဘာဒန်တို့က သွင်းယူခဲ့သည်။ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာတွင် ရောဝတီမှ ထွန်းလင်းအောင်၊ ဂျူပီတာ၊ မီဂို၊ မင်းမင်းသူနှင့် ထင်ကျော်အောင်တို့ ဂိုးဝင်ပြီး ရန်ကုန်မှ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်းနှင့် ကြည်လင်းတို့သာ ဂိုးဝင်ကာ ရန်အောင်ကျော်၏ ပထမဆုံး ပယ်နယ်တီလွဲချော်သွား၍ ငါးဂိုး-သုံးဂိုးဖြင့် ရောဝတီ အနိုင်ရသွားခြင်းဖြစ်သည်။

ဆုဖလားချီးမြှင့်

ပွဲအပြီးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရောဝတီအသင်းအား ဆုဖလားချီးမြှင့်သည်။**(ဓါတ်ပုံ)** ယင်းနောက် ယခုပွဲမှ ရရှိသော ကွင်းဝင်ကြေး ကျပ်သိန်း ၄၀၊ MNL အသင်း ၁၄ သင်းမှ ကျပ်သိန်း ၄၂၀ နှင့် MRTV-4 မှ ကျပ်သိန်း ၄၀ စုစုပေါင်း ကျပ်သိန်း ၅၀၀ ကို မင်္ဂလာတောင်ညွန့် မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းရာ ဝန်ကြီးချုပ် ဦးမြင့်ဆွေက လက်ခံရယူသည်။ (ကြေးမုံ)

ဒဂုံမြို့သစ် မြို့ဦးစေတီ ဗုဒ္ဓပူဇနီယပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပွဲ စည်ကားစွာကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဒဂုံမြို့သစ်များ၏ မြို့ဦးစေတီ ပြည်ကြီးချမ်းသာမဟာစေတီတော် (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၅ နာရီတွင် စေတီတော်ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါးက ကြီးမှူး၍ တောင်မုခ်အာရုံခံတန်ဆောင်း၌ကျင်းပသည်။ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဆိုပွဲကို မြို့ဦးစေတီဘူတာရုံကျောင်းတိုက်မှ ပင့်သံဃာ ၁၂ ပါးက ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီမှစတင်၍ ဇန်နဝါရီ ၁ ရက် ညနေ ၃ နာရီ အထိ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်မှစတင်၍ စည်းကားသိုက်မြိုက်စွာ ကျင်းပပြီး ဇန်နဝါရီ ၁ ရက်မှစ၍ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခြင်းအလှခတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးရက်ဖြစ်သော ဇန်နဝါရီ ၈ ရက် ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ (အရှေ့ပိုင်း)နှင့် (ဆိပ်ကမ်း) လေးမြို့နယ်မှ ပင့်သံဃာ ၁၀၈ ပါးတို့အား အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ကြမည် ဖြစ်သည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ"တရားတော် (သန္တာဦးဆရာတော်ဘဒ္ဒန္တ ဝဏ္ဏသာမိ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၆)**
- ၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ)
- ၉း၁၀ Activities In The City
- ၉း၂၅ သဘာဝကျ လှပစေတဲ့ C' CARE
- ၉း၄၀ Sunday Talk (ဒေါက်တာသက်သက်ခိုင်၊ မျိုးမြတ်သူ)
- ၁၀း၀၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၀း၁၀ ဒီနေ့ဘာဟင်းချက်မလဲ
- ၁၀း၃၅ ဗီဒီယိုပြခန်း
- ၁၁း၀၀ မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေး ဗဟုသုတများ (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီလူမင်း+ခင်စံပယ်ဦး၊ Rဇာနည်+ဝမ်း)
- ၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၁)**
- ၁၂း၃၀ ဈေးဝယ်လမ်းညွှန်
- ၁၂း၄၀ Cambridge Tutors College London (CTC) (Regent Elite Academy)
- ၁း၀၀ "မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ"တရားတော် (သန္တာဦးဆရာတော်ဘဒ္ဒန္တ ဝဏ္ဏသာမိ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂း၄၅ သွယ်လျကျန်းမာလှပစေတာ SMART GIRLS ပါ
- ၃း၀၅ နည်းပညာတက္ကသိုလ် (သန်လျင်) ဓာတုအင်ဂျင်နီယာ မြတ်ဆရာ ပူဇော်ပွဲ (၁၉၉၈-၂၀၀၈)
- ၃း၂၀ ထိုင်းကုန်စည်ပြပွဲနှင့် ယှဉ်တွဲ Lolane ဈေးရောင်းပွဲ
- ၃း၃၅ ရန်ကုန်မြင်ကွင်းကျယ်
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၆)**
- ၄း၄၅ ကဏန်းသချ်ာပျော်စရာ
- ၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၂)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၄)**
- ၇း၃၅ သွားမယ် စားမယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ G.T.I ကျောင်းပေါင်းစုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၈း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၄၄)
- ၈း၅၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုး)
- ၉း၂၅ Barclays Premier League (Sunderland Vs Man City)
- ၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၇)**
- ၁၂း၁၀ ရွှေလက်ကမ်းလို့ကြိုနေမည့်. . . စလင်းမြေ
- ၁၂း၂၅ လှပချစ်စရာလက်မှုအနုပညာ
- ၁၂း၄၅ **ရှင်နှောင်းကျောင်းရောက်ပြီ**
- ၁း၀၀ ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
- ၁း၂၅ ရသစုံလင် စိမ်းလဲ့တင်ရဲ့ပျိုးဥယျာဉ်
- ၁း၄၅ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
- ၂း၀၀ ဝင့်ကြွားအားမာန် "ကတိုက်"တမံ
- ၂း၀၅ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၂း၃၀ လှပခေတ်မီ K-1 အကယ်ဒမီ (ဒီဇိုင်နာခင်မျိုးဝင်း)
- ၂း၄၅ ဖန်တီးသူတို့ကမ္ဘာ
- ၃း၀၀ အများမြင်စရာနှစ်ပါးသဘင်မဟာ
- ၃း၄၀ ဆန်းသစ်အလှတိုးရွှေချည်ထိုး
- ၄း၀၀ ဘဝများ (တင်မိုးလွင်)
- ၄း၃၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ
- ၄း၄၅ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၂)
- ၅း၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	West Bron - Everton	ESPN
၉း၂၅	Sunderland - Man City	ESPN (MRTV-4)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ သည် ယနေ့နံနက်ပိုင်းတွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကျင်းပရာ နေပြည်တော် ဘော်လီဘောကွင်းသို့ ရောက်ရှိကာ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲများနှင့် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမှတ်(၁)နေပြည်တော် အားကစားပြိုင်ကွင်း၌ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး ဝန်ကြီးဌာနများအလိုက် စုပေါင်းတာဝန်ယူ ပြင်ဆင်ထားရှိသော အခြေခံပညာကျောင်းများသို့ သွားရောက်ကာ ပြိုင်ပွဲကျင်းပရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆင်ဆာမဲ့ ဗွီစီဒီ၊ ဒီဗွီဒီချပ်များ ဖျက်ဆီးသည့် အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုဆင်ဆာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ကြီးကြပ်၍ ဖမ်းဆီးသိမ်းဆည်းရရှိသော ဆင်ဆာမဲ့ ဗွီစီဒီ၊ ဒီဗွီဒီချပ်များ ဖျက်ဆီးသည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရပ်ကွက် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်) ရုပ်ရှင်မြှင့်တင်ရေးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ ဗဟန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီဒီယိုဆင်ဆာအဖွဲ့အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ညွှန်ကြားရေးမှူး (ပြသ) ဦးရဲဝင်းက ဆင်ဆာမဲ့ ဗွီစီဒီ၊ ဒီဗွီဒီချပ်များ ဖျက်ဆီးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖမ်းဆီးသိမ်းဆည်းရရှိသည့် ဗွီစီဒီ၊ ဒီဗွီဒီချပ်များကို ကြည့်ရှုစစ်ဆေးကြပြီး စုပေါင်းဖျက်ဆီးကြသည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရဲတပ်ဖွဲ့စခန်း ၂၂ ခုမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း ဖမ်းဆီးသိမ်းဆည်းရရှိသည့် ဆင်ဆာမဲ့ညစ်ညမ်း ဗွီစီဒီ၊ ဒီဗွီဒီချပ်များ၊ မြန်မာကာရာအိုကေ၊ မြန်မာဇာတ်လမ်း၊ လက်ဝှေ့၊ တရားခွေနှင့် နိုင်ငံခြားဇာတ်ကားစုစုပေါင်း ဗွီစီဒီ၊ ဒီဗွီဒီ ၃၁၁၀၃ ချပ်ကို စုပေါင်းဖျက်ဆီးခဲ့ကြသည်။ (သတင်းစဉ်)

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖမ်းဆီးသိမ်းဆည်းရရှိသည့် ဗွီစီဒီ၊ ဒီဗွီဒီချပ်များကို စုပေါင်းဖျက်ဆီးကြစဉ်။ (သတင်းစဉ်)

အရေးမယူတာကြာပြီဖြစ်သည့် စည်းကမ်းမဲ့လမ်းကူးသူများကို ဇန်နဝါရီ ၁ ရက်မှစ၍ ပြန်လည်အရေးယူတော့မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြို့တွင် အရေးမယူခဲ့သည်မှာ ကြာပြီဖြစ်သော လူကူးမျဉ်းကြားမှ လမ်းဖြတ်မကူးခြင်း၊ စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်းများကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ပြန်လည်အရေးယူတော့မည်ဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

လူကူးမျဉ်းကြားမှ လမ်းဖြတ်မကူးသူ၊ စည်းကမ်းမဲ့ လမ်းကူးသူများအား ဒဏ်ငွေကျပ် ၂၀၀၀ တပ်ရိုက်၍ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် လူကူးမျဉ်းကြားများမှ လမ်းကူးနေသူများအား ရပ်တန့်ပေးခြင်းမရှိဘဲ စည်းကမ်းမဲ့အရှိန်ဖြင့် မောင်းနှင်သော ယာဉ်များကိုလည်း ဒဏ်ငွေကျပ် ၂၁၅၀၀ တပ်ရိုက်အရေးယူသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"စည်းကမ်းမဲ့ လမ်းကူးတာတွေကိုတော့ အရေးယူသင့်ပါတယ်။ ဒါမှလည်း ယာဉ်အန္တရာယ်လည်းကင်း၊ စည်းကမ်းတကျလေးလည်း ဖြစ်မှာပါ။ ဒါပေမယ့် စနစ်တကျဖြစ်ဖို့တော့ လိုပါတယ်။ ဖမ်းလို့ ထွက်ပြေးပြီး အန္တရာယ်ဖြစ်တာတွေလည်း မဖြစ်သင့်ပါဘူး။ အဓိကကတော့ အန္တရာယ်များတဲ့ လမ်းကူးမှုကို သတိလက်လွတ်နဲ့ စည်းမဲ့ကမ်းမဲ့ မကူးမိစေဖို့ပါဘဲ" ဟု အငြိမ်းစား ယာဉ်ထိန်းရဲ အရာရှိတစ်ဦးက ပြောပြသည်။

ရန်ကုန်မြို့တွင် လူကူးမျဉ်းကြားမှ လမ်းဖြတ်မကူးခြင်း၊ စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်းများကို ယခင်က ဖမ်းဆီးအရေးယူခဲ့မှုများရှိခဲ့ပြီး စီမံချက်ဒဏ်ငွေများပေးဆောင်စေကာ ဆောင်ရွက်ခဲ့သော်လည်း ၂၀၀၇ ခုနှစ်ခန့်မှစ၍ စည်းကမ်းမဲ့လမ်းကူးသူကို ဖမ်းဆီးရာမှ မတော်တဆမှု ဖြစ်ပေါ်ခဲ့သည့်အတွက် အရေးယူမှု ခေတ္တရပ်ဆိုင်းခဲ့သည်။ ယခုအခါ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကို ပြန်လည်အရေးယူတော့မည်ဖြစ်၍ စနစ်တကျ ပညာပေးမှုများ၊ လူမြင်ကွင်းတွင် အရေးယူဆောင်ရွက်နေမှုများပြုလုပ်ရန် လိုအပ်သည့်အပြင် လမ်းကူးသူများအနေဖြင့်လည်း စည်းကမ်းတကျ လမ်းကူးသင့်ကြောင်း မြို့ပြရေးရာ ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ (ဆုနှင်းလဲ့)

တစ်ချက်တည်းကျင်းဝင်

တောင်ငူ ဒီဇင်ဘာ ၃၁

ဒု-တပ်ကြပ် သိန်းထွေးသည် တောင်ငူမြို့ ကေတုမတီမြို့သစ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် Southern Star Golf ကွင်း၌ ဒီဇင်ဘာ ၂၆ ရက် က ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးဇေယျာအောင်၊ ဗိုလ်မှူးဖြိုးဝေလင်း၊ တပ်ကြပ်ကြီးထွန်းဇော်တို့နှင့် ဂေါက်သီးရိုက်ကစားကြစဉ် Iron 5 (Maruman) တုတ်ဖြင့် Titleist No.4 ဂေါက်သီးအား ရိုက်လိုက်ရာ အကွာအဝေး ၁၇၄ ကိုက်ရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရသည်။ (၄၇၂)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါး

မြန်မာ့ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် လွတ်လပ်ရေးနေ့ အဓိ



၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ထူးနေ့မြတ် အခါသမယဖြစ်ပေသည်။“လွတ်လပ်ရေး” ဟူသည် နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်နှင့် အလားသဏ္ဌာန်တူ၏။ တခြားတစ်ပါးနိုင်ငံများ အပေါ် မှီခိုမှုကင်း၍ အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်း ဂုဏ်အင်နှင့်လည်း ပြည့်စုံ၏။ မိမိနိုင်ငံ၏ နယ်ပယ်အတွင်း ယဉ်ကျေးမှုဓလေ့ စရိုက်လက္ခဏာများနှင့်အညီ မိမိတို့၏ကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်ရှိခြင်းဟူသော အဓိပ္ပာယ်လည်းသက်ရောက်၏။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတွင် တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာ ပါဝင်ပေသည်။

မြန်မာ့သမိုင်းတစ်လျှောက် ဆုံးရှုံးခဲ့သော လွတ်လပ်ရေး ပြန်လည်ရရှိရန် ခက်ခဲလှသကဲ့သို့ မျက်မှောက်ကာလတွင် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မဆုံးရှုံးရလေအောင် ထိန်းသိမ်းရေးမှာလည်း နက်နဲသိမ်မွေ့လှပေသည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ခေတ်အဆက်ဆက် အစိုးရများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်ကြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းစောင့်ရှောက်ခဲ့သည်ချည်းသာဖြစ်သည်။ ဤသည်မှာ မြန်မာ့လွတ်လပ်ရေးကို ချစ်မြတ်နိုးကြကုန်သော၊ မြန်မာ့အချုပ်အခြာအာဏာကို လေးစားတန်ဖိုးထားကြကုန်သော မြန်မာနိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များ၊ သမိုင်းပေးဝတ္တရားများ ဖြစ်ကြပေသည်။

မြန်မာလူမျိုးတို့သည် လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်ရုံမျှမက လွတ်လပ်ရေးကာကွယ်စောင့်ရှောက်သော၊ အမိနိုင်ငံတော်အတွက်ဆိုလျှင် မိမိ၏အသက်ကိုပင် စွန့်လွှတ်စွန့်စားဝံ့သော မျိုးချစ်သူရဲကောင်းများဖြစ်ကြပေသည်။ ဤမွန်မြတ်လှစွာသော နိုင်ငံနှင့်လူမျိုးချစ်စိတ်ကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်ရန် ကြိုးပမ်းရပေမည်။ သို့ဖြစ်ရာ မိမိတို့၏ ဘဝတစ်သက်တာအတွက်သာမက ကမ္ဘာတည်သရွေ့ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်” သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် တည်ရှိနိုင်စေရန် သတိတရားကြီးစွာဖြင့် စောင့်ထိန်းကြရပေမည်။

မြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂ၏ (၅၈)နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်၌ ပါရီမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ထောက်ခံခဲ့ပါသည်။ ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးကာ နိုင်ငံတကာအသိုင်းအဝိုင်း၏ အလယ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိနေပါသည်။

မြန်မာ့မျက်မှောက်နိုင်ငံရေးအခြေအနေတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ အမျိုးသားညီလာခံကြီးက ရေးဆွဲပြုစုတင်ပြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက ဆန္ဒမဲပေးသူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပပေးပြီး ပြည်သူများ ရွေးချယ်ပေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်မှ မတ်လ ၃၀ ရက်အထိ ကျင်းပခဲ့ပါသည်။

ယခုအခါ လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ သုံးရပ်ကို ပိုင်းခြားခွဲဝေ၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ပေသည်။ သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံးအနေဖြင့် မြန်မာ့လွတ်လပ်ရေးကို အစဉ်ကာကွယ်စောင့်ရှောက်လျက် တစ်ဖက်မှလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ကမ္ဘာ့အလယ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် အစိုးရအဖွဲ့နှင့်အတူ သွေးစည်းညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်လှပေသည်။

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ကျင်းပသော မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း “အခမ်းအနား”တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က “အစိုးရအဖွဲ့သစ်၏ အရေးကြီးဆုံးလုပ်ငန်းစဉ်မှာ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) နဲ့ သန့်ရှင်းသောအစိုးရ (Clean Government) ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ဖို့ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ တုံ့ပြန်မှုကို အလေးထားရန် လိုအပ်ကြောင်း၊ ထိုသို့ ပြည်သူများနှင့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ လွတ်လပ်မှုနှင့် တာဝန်သိမှု၊ လွတ်လပ်မှုနှင့် စည်းကမ်းရှိမှုများကို မှန်မှန်ကန်ကန် ကျင့်သုံးမည်ဆိုပါက မြန်မာ့လူ့အဖွဲ့အစည်းသည် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားသည့် လူ့အဖွဲ့အစည်းဖြစ်လာမှာ သေချာကြောင်း” မြွက်ကြားခဲ့ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ခြင်းတို့တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ ကျင့်သုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါသည်။

နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးတွင် တရားဥပဒေစိုးမိုးရေးမှာ မရှိမဖြစ် ပင်မအချက်ကြီးဖြစ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင်လည်း တရားစီရင်ရေးအဖွဲ့အစည်းများသာမက ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း တာဝန်ရှိကြောင်း ခံယူခဲ့ပါသည်။ တရားစီရင်ရေးအဖွဲ့အစည်းများအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ တရားစီရင်ရေးအမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး စသည့် တရားစီရင်ရေးမူများအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် ကျော့သားရင်သား မခွဲခြားဘဲ လုပ်ဆောင်ရန်နှင့် မိမိတို့ကိုယ်တိုင် စံနမူနာပြ စောင့်ထိန်းရန် ရည်ရွယ်ခဲ့ပါသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲများအပြီးတွင် ပြည်သူများ၏ ရွေးချယ်တင်မြှောက်မှုနှင့် ပေါ်ထွက်လာသည့် အစိုးရသစ်လက်ထက်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အစိုးရနှင့်ပြည်သူများ ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိပေရာ လွှတ်တော်များနှင့် အစိုးရအဖွဲ့တို့ သည် နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ ကာကွယ်ရေးနှင့် လုံခြုံရေး

သိမ့်(စီးပွားရေးတက္ကသိုလ်)

အတွက် မျက်မှောက်ကာလ တပ်မတော်၏ ပင်မတာဝန်အဖြစ် ထမ်းဆောင်လျက်ရှိပြီး တစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျရာကဏ္ဍမှ အကောင်အထည်ဖော် ဆောင်လျက်ရှိပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်ဟူသော အချက်နှင့်အညီ မြန်မာ့တပ်မတော်သည် ကျစ်လျစ်သိပ်သည်းပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်၊ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိပေသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှု ကြိုးပမ်းခြင်းအပိုင်းတွင်လည်း နိုင်ငံစီးပွားတောင့်တင်းခိုင်မာမှသာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဟူသော ခံယူချက်ကို အခြေပြု၍ ကြိုးပမ်းဖော်ဆောင်လျက်ရှိပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်နေပြီဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အုပ်ချုပ်ရေးနှင့်စီးပွားရေးပုံစံများ ပြောင်းလဲလျက်ရှိပေရာ မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသော စက်မှုထွန်းကားရေးအတွက်လည်း ကြိုးပမ်းလျက်ရှိပါသည်။ ထို့အပြင် ကဏ္ဍအများအပြားတွင် ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိပေရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် အဓိကတွန်းအားများဖြစ်သည်နှင့်အညီ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေးအတွက် ခေတ်နှင့်အညီ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်လျက်ရှိပါသည်။ လိုအပ်သော ဥပဒေစည်းမျဉ်းစည်းကမ်းအချို့ကိုလည်း ထပ်မံ၍ အသစ်ပြဋ္ဌာန်းရန် စီစဉ်လျက်ရှိပါသည်။ စီးပွားရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းစေရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဆက်စပ်နေသည့် ငွေကြေးဆိုင်ရာကိစ္စများကိုလည်း ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် နိုင်ငံပေါင်း ၃၁ နိုင်ငံ၊ လုပ်ငန်းပေါင်း ၄၅၄ ခုမှ အမေရိကန် ဒေါ်လာ ၃၆ ဒသမ ၀၇ ဘီလီယံတန်ဖိုး လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုများ ယခုထက် စီးဆင်းဝင်ရောက်လာစေရန်လည်း ကြိုးပမ်းလျက်ရှိပေသည်။ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများသည် အိမ်နီးချင်း အာရှနိုင်ငံများဖြစ်ပြီး ဆက်လက်၍ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှု ပိုမိုဆောင်ရွက်နိုင်ရေးကိုလည်း မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အတွင်း စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်း
နိုင်ငံအဖြစ် ကျင်းပခဲ့ရာ မဟာမဲခေ
ကမ္ဘောဒီးယား၊ လာအို၊ တရုတ်ပြ
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ
ဂျီအမ်အက်စ်နိုင်ငံများမှ ဝန်ကြီးများ
အက်စ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု
ထုတ်ပြန်ပြီး နားလည်မှုစာချွန်လွှာများ
ဒေသအတွင်း ကုန်စည်စီးဆင်းမှုလျင်
အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတေ
စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
စွမ်းဆောင်ချက်များပင် ဖြစ်ပေသည်

ယခုအခါ ဈေးကွက်စီးပွားရေးစ
ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆေ
တို့အား ပြည်ပပို့ကုန်အမျိုးအစား ခုန
အပေါ် စည်းကြပ်ကောက်ခံသည့် က
၂၀၁၁ မှ ၁၄-၂-၂၀၁၂ ရက်အထိ
ကုန်သွယ်မှုနှင့် အပြည်ပြည်ဆိုင်ရာ
ကြေးရေးဆိုင်ရာပြောင်းလဲမှု၊ နိုင်ငံတေ
နှုန်းများ တည်ငြိမ်စေရန်နှင့် ဈေ
အထောက်အကူပြုနိုင်သော နိုင်ငံ
ပေါ်ပေါက်စေရန် ရှေးရှု၍ မြန်မာနိုင်
ပြည့်နှစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်
တို့၌ ပြဋ္ဌာန်းထားသော ၁၀၂ ပုဒ်မခွဲ(
ကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ
များကို ကျင့်သုံးလျက် ပုဂ္ဂလိကဘ
နိုဝင်ဘာ ၂၅ ရက်မှစ၍ နိုင်ငံခြား
လိုင်စင်(Authorized Dealer Licen

**တစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိ
လိုအပ်သော အခြေခံအဆောက်အအုံ
တပ်မတော်အစိုးရလက်ထက်က မ
လမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မိ
ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းမျ
နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်
ဆက်ပြီးဆောင်ရွက်လျက်ရှိပေသည်။**

ပညာရေးကဏ္ဍအနေဖြင့် ၂၀၀
အမျိုးသားပညာရည်မြင့်မားရေး အ
ချမှတ်အကောင်အထည်ဖော်လျက်
၂၀၁၄ ခုနှစ်တွင် ASEAN ဥက္ကဋ္ဌ တာ
က ပြုလုပ်ခဲ့သည့် ဘာလီအာဆီယံထိပ်

**မြန်မာ့သမိုင်းစဉ်တစ်လျှောက် ထိန်းသိမ်းကာကွယ်စောင့်
လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မည်သည့်အခါမှ
လေအောင် အစဉ်သတိပြုကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း
၏ ပြည်တွင်းအရေးကိစ္စများကို မိမိတို့ပြည်တွင်းစည်းလုံးညီညွ
မှန်ကန်စွာဖြေရှင်းနိုင်ကြပေမည်။ ယခုမျက်မှောက်ကာလတွင်
အနှစ်သာရနှင့်အညီ မိမိတို့တိုင်းပြည်နှင့် လူမျိုး၏ ကံကြမ္မာကို
မှန်ကန်စွာရွေးချယ်ခဲ့ကြပြီး ဖြစ်ပေသည်။ ဆက်လက်၍ အ
လူ့ဘောင်ပေါ်ထွန်းရေး ကြိုးပမ်းမှုတွင် မှန်ကန်ရင့်ကျက်သော နိုင်
ကြံ့ခိုင်သော အမျိုးသားရေးကိုယ်ခံအားတို့နှင့် ပြည့်စုံနေစေရ**

ရေးနေ့ အဓိဋ္ဌာန်

အကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့ရာ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများနှင့် ဂျီအမ်အက်စ်နိုင်ငံများမှ ဝန်ကြီးများ တက်ရောက်ခဲ့ကြပါသည်။ ဂျီအမ်အက်စ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးတွဲကြေညာချက်များ ထုတ်ပြန်ပြီး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ မဲခေါင်ဒေသအတွင်း ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေး၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကြား ရင်းနှီးချစ်ကြည်စွာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပွင့်လန်းလာစေရေး စွမ်းဆောင်ချက်များပင် ဖြစ်ပေသည်။

ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရာ၌ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသော လုပ်ငန်းရှင်တို့အား ပြည်ပပို့ကုန်အမျိုးအစား ခုနစ်မျိုး၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွင်ကို ၁၅-၈-၂၀၁၁ မှ ၁၄-၂-၂၀၁၂ ရက်အထိ ကင်းလွတ်ခွင့်ပြုထားသည်။ ကုန်သွယ်မှုနှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး ထူးခြားသောငွေရေးကြေးရေးဆိုင်ရာပြောင်းလဲမှု၊ နိုင်ငံတော်အတွင်း နိုင်ငံခြားငွေလဲလှယ်

ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသော
ဏာကို မည်သည့်အခါမှ ဆုံးရှုံးခြင်းမဖြစ်ရ
ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း မိမိတို့နိုင်ငံတော်
တို့ပြည်တွင်းစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့်
ယခုမျက်မှောက်ကာလတွင် လွတ်လပ်ရေး၏
ည်နှင့် လူမျိုး၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင်
သည်။ ဆက်လက်၍ အနာဂတ်ဒီမိုကရေစီ
မှန်ကန်ရင့်ကျက်သော နိုင်ငံရေးအသိအမြင်၊
အားတို့နှင့် ပြည့်စုံနေစေရန်လည်း လိုအပ်။

နှုန်းများ တည်ငြိမ်စေရန်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုအထောက်အကူပြုနိုင်သော နိုင်ငံခြားငွေဈေးကွက်များ ဖြစ်ထွန်းပေါ်ပေါက်စေရန် ရှေးရှု၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေပုဒ်မ ၇၅ နှင့် ပုဒ်မ ၈၃ တို့၌ ပြဋ္ဌာန်းထားသော ၁၀၂ ပုဒ်မခွဲ(ခ)နှင့် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၉၁၊ ပုဒ်မခွဲ(ခ)တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပုဂ္ဂလိကဘဏ် ၁၁ ခုအား ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှစ၍ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်(Authorized Dealer Licence)ထုတ်ပေးခဲ့ပါသည်။

တစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံ (Infrastructures)အပိုင်း တွင် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို အစိုးရသစ်လက်ထက်တွင် နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်ပြီးဆောင်ရွက်လျက်ရှိပေသည်။

ပညာရေးကဏ္ဍအနေဖြင့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစတင်၍ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပေသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ASEAN ဥက္ကဋ္ဌ တာဝန်ယူရရန်အတွက် နိုဝင်ဘာလက ပြုလုပ်ခဲ့သည့် ဘာလီအာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့ပြီးဖြစ်ပေရာ လိုအပ်သည့် ပြင်ဆင်မှုများကို စနစ်တကျ လုပ်ဆောင်လျက်ရှိပါသည်။ ယင်းလုပ်ငန်းများအားလုံးပြင်ဆင်ရာတွင် ICT ကဏ္ဍကို အဓိကထားပြီး အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့အပြင် ကျေးလက်နေပြည်သူများအထိ ICT အသုံးပြုမှု ပျံ့နှံ့သွားစေရေးအတွက် အစိုးရသစ်လက်ထက်တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိနေသဖြင့် နည်းပညာဖွံ့ဖြိုးမှုကို အထူးအလေးပေးပြီး E-Government တစ်ရပ်ဖြစ်တည်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိနေပါသည်။

လက်ရှိမြန်မာနိုင်ငံတော်၏ အခြေခံလူ့အခွင့်အရေး စောင့်ရှောက်မှုအပိုင်းတွင်လည်း ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များကို ထည့်သွင်းပြဋ္ဌာန်းထားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အမိန့်ကြော်ငြာစာအမှတ် (၃၄/ ၂၀၁၁)ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံရေးပါတီများနှင့် ဆက်နွှယ်သော ကဏ္ဍတွင် ထူးခြားသောပြောင်းလဲမှုအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေအား ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့စွဲဖြင့် ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းမှာ နိုင်ငံ့အရေးကိစ္စများကို ငြိမ်းချမ်းစွာ အတူပူးပေါင်းဆောင်ရွက်လိုသော ကြီးမားသည့်သဘောထားနှင့် ဆောင်ရွက်ချက်များ၏ ပြယုဂ်တစ်ခုဟု ဆိုချင်ပါသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၂ ရက်က စတင်ကျင်းပခဲ့သော ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း ဥပဒေကြမ်းစုစုပေါင်း(၂၃)ခု၊ ဥပဒေအဖြစ် ထုတ်ပြန်ပြီး (၁၂)ခု ထုတ်ပြန်ရန်ကျန်သည့် ဥပဒေ(၃)ခုနှင့် ဆောင်ရွက်ဆဲဥပဒေ (၈)ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ဆောင်ရွက်ခဲ့သော ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော ဥပဒေများသာဖြစ်ပြီး စီးပွားရေးဥပဒေများလည်း ပါဝင်ပေသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့် ကုန်သွယ်လုပ်ငန်း ကင်းလွတ်ခွင့်ပြုသည့် အမိန့်ကြေညာချက်တို့သည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူကောင်းများဖြစ်ပေသည်။

ယနေ့အစိုးရသစ်၏ သက်တမ်းသည် နုနယ်လှသေးသော်လည်း အတွေ့အကြုံနှင့် ဆောင်ရွက်ချက်များကို လေ့လာရာတွင် ရင့်ကျက်မှန်ကန်သော အတွေးအမြင်၊ တည်ကြည်သော သဘောထား၊ မျှတသော ခံယူချက်နှင့် နည်းစနစ်ကျသော လုပ်ငန်းစဉ်များကို အထင်အရှားတွေ့မြင်နိုင်ပေမည်။ သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာမှုများ ခြုံလွှမ်းပြီး ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးစည်ပင်မှု ရလဒ်ကောင်းများ ဖြစ်တည်ထွန်းကားလျက်ရှိပေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းချမှတ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဆက်လက်၍လည်း ပြည်သူတစ်ရပ်လုံး၏ စစ်မှန်သော အကျိုးစီးပွားအတွက် ပြည်သူ့ဆန္ဒနှင့်အညီ စည်းကမ်းပြည့်ဝ၍ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်းဟူသော အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သို့ ဆက်လက်ရှေးရှုချီတက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစိုးရသစ်နှင့်တကွ မြန်မာနိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်မှာ လွတ်လပ်၍ အချုပ်အခြာတည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းရေးပင်ဖြစ်ပေသည်။ အပြန်အလှန်အကျိုးပြုဆက်နွှယ်နေကြသော အစိုးရသစ်နှင့် မြန်မာပြည်သူလူထုအကြား ဦးတည်ချက်၊ ခံယူချက်များ တစ်သားတည်းဖြစ်ခဲ့ပြီဟုဆိုနိုင်သကဲ့သို့ ဆောင်ရွက်ချက်နှင့် နည်းစနစ်များမှာလည်း တစ်ထပ်တည်းရှိခဲ့ပြီဟု ဆိုချင်ပါသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မည်သည့်အခါမှ ဆုံးရှုံးခြင်းမဖြစ်ရလေအောင် အစဉ်သတိပြုကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း မိမိတို့နိုင်ငံတော်၏ ပြည်တွင်းအရေးကိစ္စများကို မိမိတို့ပြည်တွင်းစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် မှန်ကန်စွာဖြေရှင်းနိုင်ကြပေမည်။ ယခုမျက်မှောက်ကာလတွင် လွတ်လပ်ရေး၏ အနှစ်သာရနှင့်အညီ မိမိတို့ တိုင်းပြည်နှင့် လူမျိုး၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် မှန်ကန်စွာရွေးချယ်ခဲ့ကြပြီးဖြစ်ပေသည်။ ဆက်လက်၍ အနာဂတ်ဒီမိုကရေစီလူ့ဘောင်ပေါ်ထွန်းရေး ကြိုးပမ်းမှုတွင် မှန်ကန်ရင့်ကျက်သော နိုင်ငံရေးအသိအမြင်၊ ကြံ့ခိုင်သောအမျိုးသားရေးကိုယ်ခံအားတို့နှင့် ပြည့်စုံနေစေရန်လည်း လိုအပ်လှပေသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ် လက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသော လွတ်လပ်ရေးနေ့အခါသမယဖြစ်သည်နှင့်အညီ ထူးခြားလေးနက်သော အခမ်းအနားတစ်ရပ် ဖော်ဆောင်နိုင်ရေးအတွက် ဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ဆပ်ကော်မတီ (၇) ခု ဖွဲ့စည်းပြီး အမျိုးသားရေးဦးတည်ချက်များနှင့်အညီ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယနေ့ခေတ်ကာလနှင့် ဆီလျော်သင့်မြတ်လှစွာသော လွတ်လပ်ရေးနေ့ ဦးတည်ချက်များကိုလည်း ချမှတ်ခဲ့ပေသည်။

သို့ပါ၍ မြန်မာနိုင်ငံတော်ကို ချစ်မြတ်နိုး၍ လွတ်လပ်ရေးကိုတန်ဖိုးထားသော နိုင်ငံသားများ အားလုံး ပြည်ထောင်စုအတွင်း ဥမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားများ မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်း လျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာ ထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် နိုင်ငံသားများအားလုံး ပူးပေါင်းပါဝင်ရေးအတွက်ရည်သန်ကာ မြင့်မြတ်သောလွတ်လပ်ရေးနေ့အခါအမယ၌ အဓိဋ္ဌာန်ပြုကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

★ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး။

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

★ မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

လွတ်လပ်ရေးအဓိဋ္ဌာန်

☆ သင်္ဇင်သင်းပြီ
အင်ကြင်းသရဖီနဲ့
တင့်ပေသည် ခွာညိုပန်းတွေက
ပွင့်ဝေစည်ဖြာ စိုလန်းပါဘိ
ဆောင်းချမ်းမြ သည်ချိန်ခါ။

☆ နှင်းငွေပွင့်တွေ
ဆင်းကြွေလွင့်ကာ အလှဆန်းချိန်ပေါ့
အောင်ပန်းတဝေဝေနဲ့
အောင်လံတွေ တလူလူလွင့်ပါလို့
ဝင့်နိုင်ခဲ့ ပြည်မြန်မာ။

☆ လွတ်လပ်ခဲ့ပေ
ထွတ်မြတ်တဲ့အမွေပါပဲ
မြန်မာတွေ သူ့ကျွန်ဖြစ်စဉ်က
ပြည်ချစ်သူ ဇာနည်မျိုးရယ်တို့
မညှိုးတမ်းသာ အားမာန်ဇွဲတွေနဲ့
ကြိုးပမ်းကာ ဓားလုံ့ဆွဲပါလို့
တိုက်ပွဲဝင်ကာ သွေးအသက်တွေနဲ့
ပေးဆက်လို့ တာဝန်ကျေ
ဘိုးဘေးတွေရဲ့ ကျေးဇူးဂုဏ်တရား။

☆ ကျေးဇူးသစ္စာ
စောင့်သိကာ မြင့်မြတ်တဲ့အတွေးတွေနဲ့
လွတ်လပ်ရေးကို ကာကွယ်ကြပါစို့
မြန်မာတွေ ကျွန်ပြန်မဖြစ်ရအောင်
ပြည်ချစ်သူ ညီနောင်များရယ်က
သတိထားကာ အဖျက်ရန်များကိုလ
အသိတရားမကွာ တွန်းလှန်ကြစေဖို့
မြန်မာပြေ(ပြည်) ခေတ်သစ်အယွန်းမှာဖြင့်
ချစ်ခွန်းအခါခါခြွေလို့
ညီညာစေ အဓိဋ္ဌာန်ပြုကြမယ်
ပေါင်းစုအင်အား။

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

သွေးပြန်ကြောအတွင်း ဆေးသွင်းထိန်းညှိစက်လှူဒါန်း

ပျဉ်းမနား ဒီဇင်ဘာ ၃၁

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွေးပြန်ကြောအတွင်း ဆေးသွင်းထိန်းညှိစက် (INFUSION PUMP) လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက အဆိုပါဆေးရုံခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည်နှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီးက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ဝင်းက INFUSION PUMP ၏ ကုသမှုလုပ်ငန်းများတွင် အသုံးဝင်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဒေါ်ဌေးဌေးရှိန်၊ ကိုထွန်းထွန်းအောင်နှင့် ဆေးဆိုင်လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသော တန်ဖိုးငွေကျပ် ၇၃၀၀၀၀ တန် INFUSION PUMP စက်တစ်လုံးကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၅၈၆)

ယာဉ်တိုက်မှုကျူးလွန်ပြီး ဆေးရုံသို့ အချိန်မီပို့ဆောင်ပေးခြင်းမရှိဘဲ လူရှင်းသည့်နေရာတွင် သွားရောက်စွန့်ပစ်ထားမှုအား အမှုဖွင့်အရေးယူ

ရန်ကုန် ဒီဇင်ဘာ ၃၁

ပင်စင်လာရောက်ထုတ်ယူသူ အသက် (၇၂) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို မော်တော်ယာဉ်နှင့် တိုက်ခဲ့ပြီး ဆေးရုံသို့ အချိန်မီ ပို့ဆောင်ပေးခဲ့ခြင်းမရှိဘဲ လူအသွားအလာရှင်းလင်းသည့် ရွှေပြည်သာစက်မှုဇုန်ဘက်တွင် သွားရောက်စွန့်ပစ်ခဲ့မှုအား လှိုင်မြို့နယ် ပိတောက်ချောင်းရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် တနင်္လာနေ့ နံနက် ၁၁း၁၀ နာရီတွင် လှိုင်မြို့နယ်ရှိ ဂုန်လျှော်စက်ရုံတွင် ပင်စင်လစာ လာရောက်ထုတ်ယူသူ ဦးကြည် အသက် (၇၂) နှစ်သည် ပင်စင်ထုတ်ယူအပြီး တစ်ဖက်ယာဉ်ကြောသို့ လမ်းဖြတ်ကူးနေစဉ် ပြိုင်မောင်း ကျော်တက်လာသည့် ယာဉ်လိုင်း ၂၂၇ မှ (၅ခ/----)ခရီးသည်တင်ယာဉ်က ဝင်ရောက်တိုက်မိခဲ့သည်။ အဆိုပါခရီးသည်တင်ယာဉ်က ယာဉ်အတိုက်ခံရသူ ဦးကြည်အား ယာဉ်ပေါ်သို့ တင်ဆောင်သွားပြီး ဘုရင့်နောင်လမ်းဆုံမှတ်တိုင်သို့အရောက်တွင် လူနာအား ဆေးရုံသို့ပို့မည်ဟုဆိုကာ ယာဉ်ပေါ်ပါ ခရီးသည်များအား ယာဉ်ပေါ်မှ ဆင်းခိုင်းခဲ့သည်။ ဆက်လက်၍ အဆိုပါခရီးသည်တင်ယာဉ်သည် ယာဉ်တိုက်ခံရသူအား ဆေးရုံသို့ ပို့ဆောင်ခြင်းမရှိဘဲ ရွှေပြည်သာစက်ရုံဘက်သို့ မောင်းသွားကာ လူအသွားအလာ ရှင်းလင်းသည့်နေရာတွင် စွန့်ပစ်ထားခဲ့ရာ မျက်မြင်သက်သေများ၊ တာဝန်သိပြည်သူများ၏သတင်းပေးတိုင်ကြားမှုကြောင့် အဆိုပါယာဉ်အားမှတ်သားလိုက်နိုင်ကြပြီး သက်ဆိုင်ရာသို့ အကြောင်းကြားနိုင်ခဲ့သည်ဟု သိရသည်။

ယာဉ်တိုက်ခံရသူ၏ မိသားစုဝင်များက မွန်းလွဲ ၁ နာရီခန့်အထိ အိမ်ပြန်မရောက်သောကြောင့် ဂုန်လျှော် စက်ရုံသို့ စုံစမ်းကြည့်ရာတွင် ပင်စင်လစာ ထုတ်ယူသွားခဲ့ပြီးဖြစ်ကြောင်းနှင့် နံနက်ပိုင်းက လူတစ်ယောက် ယာဉ်တိုက်မှုဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိရာမှ ဆက်လက်စုံစမ်းကြည့်ရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနတွင် ပိုင်ရှင်မဲ့အလောင်းရောက်ရှိကြောင်း သိရသည်။ သွားရောက်စုံစမ်းခဲ့ရာမှ ပင်စင်လစာ သွားရောက်ထုတ်ယူသူ ဦးကြည် အသက် (၇၂)နှစ်ဖြစ်နေကြောင်း ကာယကံရှင်မိသားစုက သိခဲ့ရသည်။ ကွယ်လွန်သူတွင် ပင်စင်လစာ အပါအဝင် ငွေ ၈၈၅၀၀ ကျပ်၊ တစ်ကျပ်သားလက်စွပ်တစ်ကွင်းနှင့် မှတ်ပုံတင်များ ပါရှိသွားခဲ့ကြောင်း မိသားစုဝင်များ၏ ပြောကြားချက်အရ သိရသည်။

ဦးကြည်သည် ယာဉ်တိုက်ခံရစဉ်က အသက်သေဆုံးခြင်းမရှိသေးဘဲ ရေတောင်းသောက်ခြင်း၊ ဆေးရုံသို့ပို့ခိုင်းခြင်းများကို ပြောဆိုခဲ့ကြောင်း အဆိုပါယာဉ်ပေါ်တွင် လိုက်ပါစီးနင်းခဲ့သူ ဂုန်လျှော်စက်ရုံ ဝန်ထမ်းတစ်ဦးကပြောပြသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပိတောက်ချောင်းရဲစခန်းမှ (ပ) ၅၃၉/၂၀၁၁ ပုဒ်မ ၂၇၉၊ ၃၀၄(က)/ ၂၀၁/၂၀၂ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ အဆိုပါအမှုမှာ မ. ထ. သ (ဗဟို)သို့လည်း အကြောင်းကြားစာ ရောက်ရှိနေပြီဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ယာဉ်မောင်းအား အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၀၁)

လားရှိုးခရိုင် မိုင်းရယ်မြို့သို့ ပထမဆုံးအကြိမ် ရောက်ရှိတော့မည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရွှေလီရေအားလျှပ်စစ်မှ ၆၆/၁၁ ကေဗွီဓာတ်အားလိုင်းများ အသုံးပြုနိုင်ရန် တပ်ဆင်ထားသော ထရန်စဖော်မာများကို ဒီဇင်ဘာ ၂၆ ရက်က မိုင်းရယ်မြို့ အမှတ်(၂) ရပ်ကွက်အတွင်း တပ်ဆင်ထားရှိမှုကို တွေ့ရစဉ်။ (၆၅၆)

နိုင်ငံတကာသတင်းများ

ကမ္ဘောဒီးယားနိုင်ငံ ပင်လယ်ကမ်းခြေတွင် ပင်လယ်ပြင်ပွဲတော်ဆင်နွှဲကာ နှစ်သစ်ကူး

ပရီယာသီဟာနု ဒီဇင်ဘာ ၃၁

ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်အဖြစ် ပင်လယ်ပြင်ပွဲတော်ကို ပရီယာသီဟာနုပြည်နယ်ရှိ ပင်လယ်ကမ်းခြေတွင် ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့ကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

နှစ်သစ်ကူးပွဲတော်ကို ကမ္ဘောဒီးယား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီး သွန်ခွန် တက်ရောက်ခဲ့ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပင်လယ်ပြင်ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် သာယာလှပမှု အရှိဆုံး ပင်လယ်အော်များတွင် ပါဝင်သည်ဟု ၂၀၁၁ ခုနှစ် မေလတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ခဲ့သည်။

ပင်လယ်ပြင်ပွဲတော်ကို ကျင်းပခြင်းဖြင့် အဏ္ဏဝါနှင့် ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို အားပေးမြှင့်တင်နိုင်ကြောင်း ဝန်ကြီး သွန်ခွန်က ပြောကြားသည်။

ပင်လယ်ပြင်ပွဲတော်တွင် အားကစားပွဲများနှင့် ဖျော်ဖြေပွဲများကို ကျင်းပခဲ့ပြီး ပြည်တွင်းနှင့်ပြည်ပတို့မှ ခရီးသည် ၅၀၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပင်လယ်ပြင်ပွဲတော်တွင် ရေကူးပြိုင်ပွဲ၊ ရေလွှာပြင် မော်တော်ဆိုင်ကယ်စီးပြိုင်ပွဲ၊ သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲ၊ ၁၃ မိုင်မာရသွန်ပြိုင်ပွဲ၊ ရိုးရာသိုင်းပြိုင်ပွဲတို့ကို ကျင်းပခဲ့သည်။

ဆင်ဟွာ။



ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်အဖြစ် ပရီယာသီဟာနုပြည်နယ်၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပသော ပင်လယ်ပြင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို တွေ့ရစဉ်။

မျိုးဗီဇပြောင်းလာသော ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် မြင့်မားလာစဉ်တွင် ဂျပန်နိုင်ငံရှိ ကြက်ငှက်မွေးမြူရေးခြံတစ်ခြံ၌ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေစဉ်။

မျိုးဗီဇပြောင်းလာသောကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အလွန်အမင်း စိုးရိမ်ပူပန်မိဟုဆို

ပါရီ ဒီဇင်ဘာ ၃၁

ကြက်ငှက်တုပ်ကွေးရောဂါသည် မျိုးဗီဇပြောင်းလဲလာကာ လူများအတွင်း တစ်ဦးမှ အခြားတစ်ဦးထံသို့ ကူးစက်လာနိုင်သည်ဆိုသော သုတေသနပြု လေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ မိမိတို့ အလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားသည်။

သိပ္ပံပညာရှင်များသည် ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့် ပတ်သက်၍ အမေရိကန်နှင့် နယ်သာလန်နိုင်ငံတို့၌ သုတေသနပြုလုပ်ခဲ့ကြသည်။ မျိုးဗီဇပြောင်းလဲလာသော H_5N_1 ကြက်ငှက် တုပ်ကွေးရောဂါပိုးရပ်စ်သည် နို့တိုက်သတ္တဝါများအတွင်း တစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်သည်ဟု သိပ္ပံရေးရာဂျာနယ်များတွင် ရေးသားဖော်ပြထားသည်။ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများသည် ယင်းရောဂါကုသရေးနည်းစနစ်များကို ဖော်ထုတ်နိုင်ရန် အထောက်အကူပြုကြောင်း ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

အင်တာနက်။

ဒိန်းမတ်က အကောင်အထည်ဖော်မည့် ပင်လယ်ရေအောက်ဥမင်လမ်းစီမံကိန်း ဂျာမနီနိုင်ငံနှင့် တင်းမာမှုများဖြစ်ပေါ်

ကိုပေဟေဂင် ဒီဇင်ဘာ ၃၁

ဒိန်းမတ်နိုင်ငံသည် ဘောလ်တစ်ပင်လယ်ကို ဖြတ်သန်းကာ ပင်လယ်ရေအောက် ဥမင်လမ်းဖောက်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ သို့ရာတွင် အဆိုပါ ပင်လယ်ရေအောက် ဥမင်လမ်းစီမံကိန်းသည် ဂျာမနီနိုင်ငံနှင့် တင်းမာမှုများကို ဖြစ်ပေါ်လာစေကြောင်း ဒိန်းမတ်သတင်းဌာနများက ဒီဇင်ဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒိန်းမတ်နိုင်ငံသည် ဥရောပတိုက်တွင် အကြီးကျယ်ဆုံးသော အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။ ဘောလ်တစ်ပင်လယ်ကို ဖြတ်သန်းကာ ပင်လယ်ရေအောက် ဥမင်လမ်းဖောက်လုပ်ရေးစီမံကိန်းအတွက် ဒိန်းမတ်နိုင်ငံက ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံ ကျခံသုံးစွဲရမည်ဖြစ်သည်။

သို့ရာတွင် အဆိုပါ ပင်လယ်ရေအောက်ဥမင်လမ်း၏ အသုံးဝင်ပုံနှင့် အကျိုးပြုပုံတို့နှင့် ပတ်သက်၍ ဂျာမနီနိုင်ငံက သံသယပွားလျက်ရှိကြောင်း ဒါစပီဂဲလ်သတင်းစာက ရေးသားဖော်ပြသည်။

ဒိန်းမတ်နိုင်ငံပိုင် လော်လန်းကျွန်းကို ဂျာမနီနိုင်ငံပိုင် ဖာမန်းကျွန်းနှင့် ဆက်သွယ်မည့် ပင်လယ်ရေအောက်ဥမင်လမ်းနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံရှိ ကျွမ်းကျင်သူပညာရှင်များက မယုံသင်္ကာဖြစ်လျက်ရှိကြကြောင်း သတင်းစာတွင် ဖော်ပြသည်။

အင်တာနက်။

ယဉ်ကျေးမှုထုံးဓလေ့များနှင့်မညီသော အပန်းဖြေစခန်းများ မော်လ်ဒိုက်ပိတ်မည်

မာလီ ဒီဇင်ဘာ ၃၁

မော်လ်ဒိုက်နိုင်ငံ၌ ယဉ်ကျေးမှုထုံးဓလေ့များနှင့် ကိုက်ညီမှုမရှိသော ကမ္ဘာလှည့်ခရီးသွားအပန်းဖြေစခန်းရာပေါင်းများစွာကို ပိတ်သိမ်းရန် အစိုးရက ညွှန်ကြားလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မော်လ်ဒိုက်နိုင်ငံရှိ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ၏ အနှိပ်ခန်းများနှင့် ရေချိုးခန်းများကို ပိတ်သိမ်းရန် အစိုးရက ဆုံးဖြတ်လိုက်ကြောင်း၊ ယဉ်ကျေးမှုထုံးဓလေ့များနှင့် ကိုက်ညီမှုမရှိသော အပန်းဖြေစခန်းများကို ပိတ်သိမ်းပေးရန် လှုပ်ရှားသူများက တောင်းဆိုခဲ့ကြကြောင်း သမ္မတရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

မိမိတို့၏ ဘာသာရေးကျင့်စဉ်များနှင့် ကိုက်ညီမှုမရှိသော အပန်းဖြေစခန်းများကို ပိတ်သိမ်းသင့်ကြောင်း မော်လ်ဒိုက်နိုင်ငံရှိ တရားမျှတရေးပါတီက တောင်းဆိုခဲ့ကြသည်။

မော်လ်ဒိုက်နိုင်ငံ၌ အရက်သေစာရောင်းချမှု ပိတ်ပင်ပေးရန် အဆိုပါပါတီက အစိုးရအဖွဲ့ထံ ပန်ကြားခဲ့သည်။

မော်လ်ဒိုက်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းစုနိုင်ငံဖြစ်ပြီး လူဦးရေ ၃၀၀၀၀၀ ရှိသည်။ **အင်တာနက်။**

၂၀၁၁ ခုနှစ် နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ

ပဉ္စမအပတ် စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အဓိကအကျဆုံးဖြစ်သည့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲလာစေရေးအတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ကာ အပတ်စဉ်စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမြဲဖြစ်ရာ ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးရှေ့စုရပ်၌ ကျင်းပသော ၂၀၁၁ ခုနှစ် ဒီဇင်ဘာနောက်ဆုံး ရက်သတ္တပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်တို့ ဦးဆောင်ပါဝင်ဆင်နွှဲကြသည်။

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် တာဝန်ရှိသူများ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ နောက်ဆုံးရက်သတ္တပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ နေပြည်တော်ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးမှ ဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ ရပ်ကွက်များမှ အားကစားဝါသနာရှင် ပြည်သူများ စုစုပေါင်းအင်အား ၁၁၀၀၀ ခန့် ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ မြို့မဈေးရှေ့စုရပ်၌ စုပေါင်းလမ်းလျှောက်မည့်သူများ နေရာယူကြပြီး နံနက် ၆ နာရီတွင် စတင်တာထွက်ရာ တောင်ညို-ပျဉ်းမနားလမ်းမကြီးမှတစ်ဆင့် သပြေကုန်းအဝိုင်းအထိနှင့် သပြေကုန်းအဝိုင်းအရောက် လက်ယာဘက်သို့ချိုးကာ ရာဇသင်္ဂဟလမ်းအတိုင်း ကျောက်မျက်ရတနာပြတိုက်ရှေ့၌ ပန်းဝင်ကြသည်။

ယင်းနောက် ကျောက်မျက်ရတနာပြတိုက်ရှေ့၌ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် နေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က ဦးဆောင်ပါဝင်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို လေ့ကျင့်ကြသည်။

အားကစားကွင်းအဆင့်မြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် နံနက် ၇ နာရီ ၁၅ မိနစ်တွင် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသော အားကစားကွင်းသို့ရောက်ရှိပြီး မီတာ ၄၀၀ Synthetic ပြေးလမ်း ခင်းရန်အတွက် ကွန်ကရစ်လမ်းများ ခင်းကျင်းထားရှိမှု၊ ဘောလုံးကွင်းအောက်ခံမြေသား ခင်းကျင်းထားရှိမှုနှင့် ရေစစ်မြောင်း၊ ရေဆင်းမြောင်းများတူးဖော်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပွဲကြည့်စင်တိုးချဲ့တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြေးလမ်းခင်းမည့် ကျွမ်းကျင်ပညာရှင်များ ခေါ်ယူရေး၊ ရေစစ်မြောင်းပြီးစီးပါက မြက်မွေးကာ ရေဖျန်းစိုက်ပျိုးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနား-တောင်ညိုကားလမ်းပေါ်ရှိ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အုပ်ချုပ်မှုရုံးခန်းသို့ ရောက်ရှိပြီး ဆိုင်းဘုတ်များထားရှိရေး၊ အားကစားသမားများ နားနေဆောင်နှင့် ကားရပ်နားရန်နေရာများ တည်ဆောက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ရုံးခန်း ဆောက်လုပ်ရာနေရာသို့ရောက်ရှိ၍ မြားပစ်ကွင်းဖောက်လုပ်ရန် မြေညှိပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီပြီးစီးအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက်

လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

သိမ့် (စီးပွားရေးတက္ကသိုလ်)၏

မြန်မာ့ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

“မြန်မာလူမျိုးတို့သည် လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်ရုံမျှမက လွတ်လပ်ရေးကာကွယ်စောင့်ရှောက်သော၊ အမိနိုင်ငံတော်အတွက်ဆိုလျှင် မိမိ၏အသက်ကိုပင် စွန့်လွှတ်စွန့်စားဝံ့သော မျိုးချစ်သူရဲကောင်းများဖြစ်ကြပေသည်။ ဤမွန်မြတ်လှစွာသော နိုင်ငံနှင့်လူမျိုးချစ်စိတ်ကို သားစဉ်မြေးဆက်ဆက်လက်ရှင်သန်ရန် ကြိုးပမ်းရပေမည်”

ဆောင်းပါး စာမျက်နှာ ၈၊ ၉

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)၏

လွတ်လပ်ရေးအဓိဋ္ဌာန်

ကဗျာ စာမျက်နှာ ၉

ထူးခြားသည့် ညအပူချိန်များ ၃၁-၁၂-၂၀၁၁

ဟားခါး	၅	ဒီဂရီစင်တီဂရိတ်
ပူတာအို	၆	ဒီဂရီစင်တီဂရိတ်
ကသာ	၆	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၇	ဒီဂရီစင်တီဂရိတ်

အင်တာနက် သိပ္ပံ သတင်း ➢➢ ဘာသာပြန် - သတင်းလုလင်

ရုရှား၏ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ကမ္ဘာပေါ်သို့ ပြန်လည်ပျက်ကျနိုင်

မော်စကို ဒီဇင်ဘာ ၃၁

ရုရှားနိုင်ငံကလွှတ်တင်ခဲ့သော အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပိတ်မိနေခဲ့ပြီးနောက် လာမည့်လတွင် ကမ္ဘာပေါ်သို့ ပြန်လည်ပျက်ကျနိုင်ကြောင်း အာကာသသိပ္ပံပညာရှင်များက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားကြသည်။

အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်မှ ပဲ့ထွက်သွားမည့် အစိတ်အပိုင်း ၂၄ ခုထက်မနည်းသည် ကမ္ဘာပေါ်သို့ ပြန်လည်ကျရောက်နိုင်ကြောင်း ဥရောပအာကာသအေဂျင်စီက ပြောကြားသည်။

လူလိုက်ပါခြင်းမရှိသော ဖိုဘိုဂရောင်း (Phobos-Ground) အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းမှ ရုန်းမထွက်နိုင်သဖြင့် ကမ္ဘာပေါ်သို့ ပြန်လည်ပျက်ကျနိုင်သော်လည်း ယင်းအာကာသယာဉ်၏ လောင်စာကန်နှင့် ရေဒီယိုသတ္တိကြွပစ္စည်းများသည် ကမ္ဘာအား ညစ်ညမ်းမှု ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်မရှိကြောင်း ရုရှားအာကာသအေဂျင်စီက ပြောကြားသည်။

အဆိုပါ အာကာသယာဉ်သည် ဇန်နဝါရီ ၆ ရက်မှ ၁၉ ရက်ကြားကာလတွင် ကမ္ဘာပေါ်သို့ ပျက်ကျမည်ဟု ခန့်မှန်းထားသည်။

ပျက်ကျလာမည့် အာကာသယာဉ် အစိတ်အပိုင်းများ၏ စုစုပေါင်း အလေးချိန်မှာကီလိုဂရမ် ၂၀၀ (ပေါင် ၄၄၀) ရှိမည်ဆို၏။

အာကာသယာဉ် အစိတ်အပိုင်းများ ကမ္ဘာ၏မည်သည့်နေရာဒေသများပေါ်သို့ ကျရောက်မည်ကို အတိအကျပြောရန် စောသေးကြောင်း ရုရှားအာကာသအေဂျင်စီက ပြောကြားသည်။

အဆိုပါ အာကာသယာဉ်ကို နိုဝင်ဘာ ၉ ရက်က လွှတ်တင်ခဲ့ပြီးနောက် ယင်းယာဉ်နှင့် ရုရှားအာကာသအေဂျင်စီ အကြား အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။

ကနဦးအစီအစဉ်အရ ရုရှားအာကာသယာဉ်သည် အင်္ဂါဂြိုဟ်၏ အရံလများအနက် လမျက်နှာပြင်တစ်ခုပေါ်သို့ ဆင်းသက်ကာ မြေသားနမူနာများရယူရန် ဖြစ်သည်။ ***အင်တာနက်။***



ရုရှားအာကာသအေဂျင်စီ၏ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ် မှတ်တမ်းပုံ။